# ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းလွှာ

DVB

## နိုင်ငံရေးအကျဉ်းသားသတင်း
## ၂၀၀၄ ဇန္နဝါရီ


- မန္တလေးတိုင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ ဖမ်းဆီးခံရ ၁၊ ဇန်နဝါရီ၊ ၂၀၀၄
- သက်ကြီးနိုင်ငံရေးအကျဉ်းသားများအတွက် မိသားစုတို့၏ နှစ်သစ်ကူး မျှော်လင့်ချက်များ ၂၊ ဇန်နဝါရီ၊ ၂၀၀၄
- မိုးကုတ်မြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးမှူး ကိုမင်းသူ ပုဒ်မတပ်၍ စွဲချက်တင်ခြင်းမရှိဘဲ ဖမ်းဆီးခံထားရ ၆၊ ဇန်နဝါရီ၊ ၂၀၀၄
- မန္တလေးအရှေ့တောင်မြို့နယ် အဖွဲ့ချုပ်လူငယ် ၁ ဦး ဖမ်းဆီးခံရ ယခုရက်ပိုင်းအတွင်း ဖမ်းဆီးခံရသူ ၇ ဦးရှိ ၇၊ ဇန်နဝါရီ၊ ၂၀၀၄
- ဒဂုံတက္ကသိုလ်မှ ကျောင်းသား ၇ ဦး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံရ ၉၊ ဇန်နဝါရီ၊ ၂၀၀၄
- နအဖ သစ်တောဝန်ကြီးဟောင်း ဦးအောင်ဖုန်း၏ လူယုံတဦး သေဒဏ် အပြစ်ပေးခံရ ၉၊ ဇန်နဝါရီ၊ ၂၀၀၄
- ဖမ်းဆီးခံထားရသူ ရန်ကုန်တိုင်း အဖွဲ့ချုပ်ဝင် ၄ ဦး၏ အယူခံလွှာများ ပယ်ချခံရ ၁၀၊ ဇန်နဝါရီ၊ ၂၀၀၄
- မင်းဘူးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် အင်းစိန်ထောင်ဆေးရုံ၌ ကုသနေရ ၁၀၊ ဇန်နဝါရီ၊ ၂၀၀၄
- အိမ်ရှေ့ခြံစည်းရိုး ထုံးသုတ်ရန်ငြင်းပယ်သူ ၅ ဦး ဖမ်းဆီးခံရခြင်း ၁၀၊ ဇန်နဝါရီ၊ ၂၀၀၄
- ပုသိမ်ထောင်မှ လွတ်လာသူ ဖိုးလပြည့်နှင့် ဒီဗွီဘီ ဆက်သွယ်မေးမြန်းချက် အပိုင်း–၁ ၁၃၊ ဇန်နဝါရီ၊ ၂၀၀၄
- မြို့တော်ခန်းမရှေ့ဆန္ဒပြမှုဖြင့် ထောင်ချခံထားသူများ၏ အယူခံတင်သွင်းရန် အဖွဲ့ချုပ်မှ ပြင်ဆင်နေ ၁၅၊ ဇန်နဝါရီ၊ ၂၀၀၄
- ဒီပဲယင်း လုပ်ကြံမှုအတွင်း ဖမ်းဆီးထားသူများထဲမှ ၂၆ ဦးကို ပြန်လွှတ်ပေးကြောင်း နအဖ မှ ထုတ်ပြန် ၁၆၊ ဇန်နဝါရီ၊ ၂၀၀၄
- ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးထားသူအားလုံးပြန်လွှတ်ပေးရန် အမေရိကန်က နအဖအား တောင်းဆို ၁၇၊ ဇန်နဝါရီ၊ ၂၀၀၄
- ဒီပဲယင်း လုပ်ကြံမှုအတွင်း ရိုက်နှက်ဖမ်းဆီးခံရသူများထဲမှ ပြန်လွှတ်ပေးလိုက်သည့် စာရင်း ၁၇၊ ဇန်နဝါရီ၊ ၂၀၀၄
- သေဆုံး ထိခိုက် ဖမ်းဆီးစာရင်း ထုတ်ပြန်ပေးရန် ဒေါ်ဝင်းမြမြ တောင်းဆို ၁၇၊ ဇန်နဝါရီ၊ ၂၀၀၄
- ဖမ်းဆီးခံထားရသူ ၃ ဦး ထပ်မံလွှတ်မြောက်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ဆက်လက်ချုပ်နှောင်ထားဆဲ ၁၈၊ ဇန်နဝါရီ၊ ၂၀၀၄
- မန္တလေး အရှေ့တောင် အဖွဲ့ချုပ်ဝင် ဒေါ်နှင်းပပနှင့်အတူ ဖမ်းဆီးခံရသူ စုစုပေါင်း ၁၀ ဦးရှိ ၁၈၊ ဇန်နဝါရီ၊ ၂၀၀၄
- အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးအား ရန်ကုန်သို့ ပြောင်းရွှေ့ပေးသင့် ၁၉၊ ဇန်နဝါရီ၊ ၂၀၀၄
- အဖွဲ့ချုပ်ဝင်များ အချို့ဖမ်းဆီးခံနေရ အချို့ ရှောင်တိမ်းနေရပြန် ၁၉၊ ဇန်နဝါရီ၊ ၂၀၀၄
- အပစ်အခတ်ရပ်စဲရေးစာချုပ် မချုပ်မီ KNU အကျဉ်းသားများကို အရင်လွှတ်ပေးရမည် ၂၀၊ ဇန်နဝါရီ၊ ၂၀၀၄
- နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ရဟန်းသံဃာ ၁၀၀ ကျော် ရန်ကုန်မြို့၌ ဖမ်းဆီးခံခဲ့ရ ၂၀၊ ဇန်နဝါရီ၊ ၂၀၀၄
- ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရန် ဗဟိုအမျိုးသမီးအဖွဲ့တောင်းဆို ၂၁၊ ဇန်နဝါရီ၊ ၂၀၀၄
- အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ သူရဦးတင်ဦးကို ချက်ချင်းလွှတ်ပေးရန် သားဖြစ်သူက တောင်းဆို ၂၂၊ ဇန်နဝါရီ၊ ၂၀၀၄
- **AIDS** ပညာပေး လက်ကမ်းစာစောင် အကြောင်းပြ အထက်ဗမာပြည်လူငယ်တာဝန်ခံ ဖမ်းဆီးခံရပြန် ၂၂၊ ဇန်နဝါရီ၊ ၂၀၀၄
- မအူပင်မြို့နယ်အတွင်း လယ်သမား ၁၀၀ ကျော် ဖမ်းဆီးခံရ ၂၂၊ ဇန်နဝါရီ၊ ၂၀၀၄
- ဒီပဲယင်းကိစ္စဖမ်းဆီးထားသူများထဲမှ ၁၅၁ ဦး ပြန်လွှတ်ပေးခဲ့ဟု နအဖ ပြောဆို ၂၃၊ ဇန်နဝါရီ၊ ၂၀၀၄
- ဦးတင်ဦး အစာငတ်ခံဆန္ဒပြ၊ အမြန်ဆုံးပြန်လွှတ်ပေးရန် အဖွဲ့အစည်းအသီးသီးက တောင်းဆို ၂၄၊ ဇန်နဝါရီ၊ ၂၀၀၄
- အထက်ဗမာပြည်လူငယ်တာဝန်ခံ ကိုမြင့်ငွေအား ဖမ်းဆီးခဲ့မှု အဖွဲ့ချုပ်ဝင်များ မကျေနပ် ၂၄၊ ဇန်နဝါရီ၊ ၂၀၀၄
- သူရဦးတင်ဦး ထောင်တွင်းအစာငတ်ခံဆန္ဒပြမှု ၆ ရက်တကြိမ်ပြုလုပ်မည် ၂၅၊ ဇန်နဝါရီ၊ ၂၀၀၄
- အဖွဲ့ချုပ် ဒု ဥက္ကဋ္ဌ သူရဦးတင်ဦး ထောင်တွင်း၌ အစာငတ်ခံဆန္ဒပြနေဆဲ ၂၆၊ ဇန်နဝါရီ၊ ၂၀၀၄
- နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော် လက်မှတ်ထိုးတောင်းဆို ၂၇၊ ဇန်နဝါရီ၊ ၂၀၀၄
- ဦးတင်ဦးကို စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ကျော်ဝင်းလာရောက်တွေ့ဆုံဟုဆို ၂၇၊ ဇန်နဝါရီ၊ ၂၀၀၄
- မောင်ချမ်းသာကျော် ၂၀၀၅ ခုနှစ် အောက်တိုဘာလထိ ငှက်အော်စမ်း စခန်းတွင် နေရမည် ၂၇၊ ဇန်နဝါရီ၊ ၂၀၀၄
- တောင်ငူလွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်အယူခံလွှာ ဗဟိုတရားရုံးက ပယ်ချ ၂၇၊ ဇန်နဝါရီ၊ ၂၀၀၄
- ကိုမြင့်ငွေ ရေနံချောင်း အချုပ်ခန်းတွင်း၌ အာဏာပိုင်တို့အား ဆန့်ကျင်ဆန္ဒပြ ၂၇၊ ဇန်နဝါရီ၊ ၂၀၀၄
- နအဖ ဆွမ်း ဘုန်းမပေးသူ သံဃာအပါး ၁၅၀ ခန့် နိုင်ငံတော်ပုန်ကန်မှုဖြင့် အရေးယူခံရ ၂၈၊ ဇန်နဝါရီ၊ ၂၀၀၄
- ဒီပဲယင်း လုပ်ကြံမှုအတွင်း ရရှိခဲ့သည့်ဒဏ်ရာများ ယခုထိ ဆေးကုသနေကြရ ၂၈၊ ဇန်နဝါရီ၊ ၂၀၀၄
- အဖွဲ့ချုပ်အနေဖြင့် တောင်းဆိုမှုများ မရရှိက အဆင့်ဆင့် လုပ်ရှားသွားမည် ၂၈၊ ဇန်နဝါရီ၊ ၂၀၀၄
- အဖွဲ့ချုပ် အထက်ဗမာပြည် လူငယ်ဖွဲ့စည်းရေးတာဝန်ခံ ကိုမြင့်ငွေ ပြန်လည်လွှတ်မြောက် ၃၀၊ ဇန်နဝါရီ၊ ၂၀၀၄

## မန္တလေးတိုင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ ဖမ်းဆီးခံရ ပြည်ပရှိ အတိုက်အခံများနှင့် ဆက်သွယ်၍ဟု ဆို

*၁ ၊ ဇန်နဝါရီ ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးခံခဲ့ရပြီး မကြာသေးခင်က ပြန်လွတ်လာသည့် မန္တလေးတိုင်းအဖွဲ့ချုပ်ဝင်များကို ဒီဇင်ဘာလ ၂၂ ရက်နေ့က အာဏာပိုင်များမှ ပြန်လည်ဖမ်းဆီးသွားကြောင်း သိရသည်။

ပြန်လည်ဖမ်းဆီးခြင်းခံရသူများမှာ မန္တလေးတိုင်း၊ အရှေ့တောင်မြို့နယ်မှ ကိုလှစိုး၊ ကိုမြင့်ဦး၊ ကိုသန်းဝင်း၊ အနောက်မြောက် မြို့နယ်က ဒေါ်နှင်းပပ၊ ကိုအောင်နှင့် ထွန်းတုံးရပ်ကွက်မှ အဖွဲ့ချုပ်ဝင်တဦးတို့ဖြစ်ကြောင်း သိရသည်။ ၎င်းတို့ကို ပြည်ပအတိုက်အခံများနှင့်ဆက်သွယ်၍ ဆိုပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးစဉ်က ကိုလှစိုးလက်ထဲမှ ငွေ ၃ သိန်းနှင့် လက်ကိုင်ဖုန်းတလုံးကိုလည်း စစ်ထောက်လှမ်းရေးက သိမ်းဆည်းသွားသည့်အကြောင်း မန္တလေးတိုင်း၊ အဖွဲ့ချုပ်ဝင်တဦးက ဒီဗွီဘီကို ယခုလိုပြောပြသည်။

"အဖမ်းခံရတာ ကိုလှစိုးလို့ ကြားတယ်။ အရှေ့တောင်မြို့နယ်က အဖွဲ့ဝင်။ နောက်တယောက်က သူက အရှေ့တောင် မြို့နယ်စည်း ကိုမြင့်ဦး။ နောက်တယောက်က အဖွဲ့ဝင် ဒေါ်နှင်းပပ။ ကိုအောင်။ သူလည်း အဖွဲ့ဝင်။ နောက်တဦးကတော့ နာမည်အတိအကျ မသိရဘူး။ သူ့ကို တော့ နယ်မှာ သွားထိန်းသိမ်းတယ်လို့ကြားရတယ်။ သူက ထွန်းတုံးရပ်ကွက်က (မြို့သစ် ထွန်းသာယာရပ်ကွက်ပေါ့) လို့ကြားရတယ်။ ကျနော် ကြားသိရသလောက်ကတော့ ကိုသန်းဝင်းနဲ့ ဆက်သွယ်တဲ့ကိစ္စလို့ သိရတယ်။ ကိုလှစိုး ဆီကနေ ငွေ ၃ သိန်းကို သက်ဆိုင်ရာအာဏာပိုင်တွေက သိမ်းဆည်း သွားတယ်လို့လည်း ကြားတယ် Hand phone တလုံးလည်း သိမ်းသွားတယ်။ ကိုလှစိုးရဲ့လက်ဝယ်ကပဲ သိမ်းဆည်းသွားတာ။ ဘယ်လို အထောက် အထားနဲ့လို့တော့ မကြားသိရဘူး။ ကိုသန်းဝင်းကနေတဆင့် ကိုလှစိုးတို့ကို အကူအညီပေးတဲ့၊ ထောက်ပံ့ပေးတဲ့သဘောမျိုးလို့ ကြားရတယ်။ ဒါကြောင့် ပြည်ပနဲ့ အဆက်အသွယ်ရှိတယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး အရေးယူတယ်လို့ ကြားရတယ်"

အဖွဲ့ချုပ်ဝင်များကို ယခုလို မတရားဖမ်းဆီးနေသည့်အပေါ် ပြည်ပအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတို့ကလည်း ကြေညာချက်များ ထုတ်ပြန်ကန့်ကွက်လိုက်သည်။ အဆိုပါနှစ်ဖွဲ့ ကြေညာ ချက်ထဲတွင် ပြန်လည်ဖမ်းဆီးခံရသည့် အဖွဲ့ချုပ်ဝင် အနည်းဆုံး ၁၃ ဦးရှိကြောင်းဖော်ပြထားသည်။

ဒီဇင်ဘာလလယ်က ထိုင်း နိုင်ငံက ဖမ်းဆီးပြန်ပို့လိုက်သည့် တနင်္သာရီတိုင်း၊ သရက်ချောင်းမှ ကိုညီစိုး၊ ကလောမှ ကိုအောင်မင်း၊ မသန်းစိုး၊ ကိုညီညီလေး၊ ကိုဖိုးပီတို့ကို ကော့သောင်းမြို့ ခလရ ၂၆၂ တပ်ခွဲမှူးဗိုလ်ကြီးတင်မောင်ဝင်းက ဖမ်းဆီးခဲ့သည်။ ထို့နောက် ကော့သောင်းမြို့၌ ချုပ်နှောင်ထားခဲ့ပြီး နအဖတပ်များ၏ စစ်ကြောင်းတို့တွင် ပေါ်တာအဖြစ် ခိုင်းစေနေကြောင်း AAPP အတွင်းရေးမှူးတဦးဖြစ်သူ ကိုဘိုကြည်က ယခုလို ပြောဆို သည်။

"ကော့သောင်းထောင်ထဲမှာရှိနေတဲ့ တချို့ကို စစ်ဆင်ရေးတွေမှာ စစ်ဆင်ရေးလုပ်သား (ပေါ်တာ) အဖြစ်နဲ့ ထုတ်သုံးနေတယ်လို့သိရတယ်။ ကုလသမဂ္ဂကပဲဖြစ်ဖြစ်၊ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကပဲ ဖြစ်ဖြစ်၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အစည်းကပဲဖြစ်ဖြစ် အပူတပြင်း စုံစမ်းနိုင်အောင် အခုလို ထုတ်ပြန်လိုက်ရတာဖြစ်တယ်။ တိုင်းရင်းသားအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးနေတယ် ဆိုပြီးတော့ အသံကောင်းဟစ်နေတဲ့ အဲဒီ အချိန်မှာတော့ (တိုင်းရင်းသားအင်အားစုတချို့ကို မျက်နှာသာ ပေးကောင်းပေးမယ်) တဖက်မှာရှိတဲ့ ပြည်တွင်းအတိုက်အခံတွေကို ပိုပြီး ဖိနှိပ်တယ်။ တော်တော်ဆိုးရွားနေတဲ့ အခြေအနေဖြစ်တယ်။ နှစ် ၆၀ ကျထားတဲ့ ကျောင်းသားခေါင်းဆောင်သက်ဝင်းအောင် ဆိုရင်လည်း ကျန်းမာရေးက အတော်ထိခိုက်ပြီးတော့ ဆေးဝါးကုသခံနေရတဲ့ အနေအထားမျိုးတွေ ရှိတယ်။ မြောင်းမြထောင်မှာဆိုရင် ဒေါ်နှင်းမေအောင်နဲ့ သူ့အမေ ဒေါ် အေးမြင့်သန်းဆိုရင်လည်း ကျန်းမာရေးအခြေအနေ တော်တော်ဆိုးရွားနေတာကို သိရတယ်။ ၂၀၀၃ ခုနှစ်ထဲမှာ အခြေအနေတွေဟာ ပိုပြီးဆိုးလာတယ်လို့ ပြောရမယ်"

ထိုင်းနယ်စပ်အခြေစိုက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပြန်ကြားရေးတာဝန်ခံ ကိုထွဋ်ဦးလှိုင်ကလည်း ယခုလို ပြောဆိုသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလကလည်း နိုင်ငံရေးအကျဉ်းသား ၈ ယောက် သေဒဏ်ချထားတာကို နိုင်ငံတကာက ကန့်ကွက်ထားတာရှိတယ်။ အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းလုပ်မယ်၊ အမျိုးသားညီလာခံလုပ်မယ်ဆိုတာရှိတယ်။ အဲလိုလုပ်မယ်ဆိုတဲ့ကြားကနေ ဆက်တိုက်ဆက်တိုက် ဖမ်းဆီးတာဟာ နအဖရဲ့ အပြောနဲ့အလုပ် မညီဘူးဆိုတာ ဖော်ပြချင်လို့ ဒီ ကြေညာချက်ကိုထုတ်တာ ဖြစ်တယ်"

ယခုဆိုလျှင် မြန်မာတပြည်လုံးရှိ ထောင်များထဲတွင် နိုင်ငံရေးအကျဉ်းသားပေါင်း ၁၅၀၀ ခန့်ရှိနေပြီး အသက်အရွယ်ကြီးရင့်သူ အကျဉ်းသား များ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း သိရှိရသည်။ အစသို့

## ကျန်းမာရေးဆိုးဝါးနေသည့် သက်ကြီးနိုင်ငံရေးအကျဉ်းသားများအတွက် မိသားစုတို့၏ နှစ်သစ်ကူး မျှော်လင့်ချက်များ

*၂ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

နှစ်ဟောင်းကုန်ဆုံးပြီး ၂၀၀၄ ခုနှစ်ကိုရောက်လို့ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ဖို့ အားလုံးက ဆုတောင်းနေကြပေမယ့် အသက် ၆၀ ကျော် နိုင်ငံရေးအကျဉ်းသားတွေတောင် အခုချိန်အထိ ပြန်လွတ်ဖို့အခြေအနေ မရှိသေးဘူးလို့ သိရပါတယ်။

ကျန်းမာရေးဆိုးရွားနေတဲ့ သက်ကြီးနိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးဖို့ ကုလသမဂ္ဂလူ့အခွင့်အရေး စုံစမ်းသူ မစ္စတာ ပီညဲရိုးက ပြီးခဲ့တဲ့နှစ် သူ့ရဲ့ ၆ ကြိမ်မြောက်ခရီးစဉ်အတွင်း ပြတ်ပြတ်သားသားတောင်းဆိုခဲ့ပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် အခုလိုနှစ်သစ်ကူးချိန်မှာ ပြန်လွှတ်ဖို့ မျှော်လင့်ပါသလားလို့ အင်းစိန်ထောင်ဆေးရုံမှာ ကုသမှုခံယူနေရတဲ့ အသက် ၇၅ နှစ်အရွယ်၊ ညောင်လေးပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းမောင်ရဲ့ဇနီး ဒေါ်ခင်ကြည်ကြည်ကို မေးမြန်းကြည့်ရာမှာတော့ ...

"ဘာမှတော့ မထူးပါဘူး။ ဒီအတိုင်းပါပဲ။ ဒီဇင်ဘာ ၂၆ တုန်းက တခါတွေ့ရတယ်။ ကျန်းမာရေးအခြေအနေက ဆိုင်ရာဆရာဝန်နဲ့တော့ ဆက်ပြနေရပါတယ်။ သူတို့ စမ်းသပ်ပေးတယ်။ ဆေးပေးတယ်။ ထောင်ဆေးရုံမှာပဲ နေရပါတယ်။ အသဲဆိုရင်လည်း အသဲနဲ့ဆိုင်တဲ့ဆရာဝန်ပေ့ါ။ အစာအိမ်အူလမ်းကြောင်းဆိုလည်း ဆိုင်တဲ့ဆရာဝန်လေ။ ဆီးနဲ့ကျောက်ကပ်ဆိုလည်း ဆိုင်တဲ့ဟာပေ့ါ။ အဲလို သူတို့ထွက်ပြီးပြပေးပါတယ်။ ၆ နှစ်ရှိသွားပြီ။ သူပြန်ရောက်မယ့်အချိန်လည်း အန်တီတို့ မျှော်မှန်းလို့မရဘူး"

အလားတူ အသက် ၆၇ နှစ်အရွယ်ရှိနေပြီး အသဲ၊ နှလုံးနဲ့ အစာအိမ်ရောဂါတွေ ခံစားနေရတဲ့ ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းရဲ့ဇနီး ဒေါ်ခင်ရီကလည်း ...

"ဒီနေ့ပဲ သွားပြီးတွေ့ခဲ့တယ်။ အကြော၃ာနပါ ပြနေရတယ်။ ခြေထောက်ကျင်တာတွေက အခုလက်တွေပါ ကျင်လို့လေ။ ပြီးခဲ့တဲ့ ၂၆ ရက်နေ့ က အကြော၃ာနကို ထွက်တယ်။ ၁၅ ရက်အတောအတွင်း ချိန်းလိုက်တယ်။ သောက်ဆေးအသောက်ခိုင်းတယ်။ အခု ၉ ရက်နေ့ကို ပြန်ချိန်းတယ်။ နှလုံး၊ သွေးတိုး၊ ဆီးကြိတ်၊ အသဲ မာတာ၊ အစာအိမ်ယောင်တာ၊ အခုတခါ အကြောတွေပါ။ အန်တီကတော့ အမြဲတမ်းတော့ မျှော်လင့်နေတာပေ့ါ။ ဒါပေမယ့် နိုင်ငံရေးအခြေအနေအပေါ်မှာ မူတည်တာပေ့ါ။ ပါးစပ်က ပြောနေလို့မရဘူးလေ။ လက်တွေ့ အကုန်လုံးက လုပ်ကြမှဖြစ်မှာကိုး။ အန်တီကတော့ နိုင်ငံရေးအကျဉ်းသားဆိုတာ အပြစ်မရှိဘဲနဲ့ အကျဉ်းကျခံနေကြရတာပဲ။ ဒီလိုလူတွေ အထဲရောက်နေတယ်ဆိုတော့ အန်တီကတော့ ပြန်လွှတ်စေချင်တာပေ့ါ"

မြင်းခြံထောင်မှာ ဖမ်းဆီးခံထားရတဲ့ အသက် ၆၁ နှစ်အရွယ် စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေ ရဲ့ဇနီး ဒေါ်ဝင်းဝင်းအေးကတော့ ...

"မျှော်လင့်တာပေ့ါ။ မျှော်လင့်တာတွေက များတော့လေ။ အရင်တုန်းကတော့ တောက်လျှောက်မျှော်တာပေ့ါ။ တခုခု ထူးခြားမယ်ဆိုရင် မျှော်လိုက်တယ်။ ဘာမှ ဖြစ်မလာဘူး။ ကြာတော့ လူလည်း အရေထူသွားတာပေ့ါ။ အဲဒါကြောင့် မမျှော်တော့တာ။ အန်တီ့ဆန္ဒကတော့ အမြဲရှိတာပေ့ါ။ ဒါပေမယ့် ဘာမှမှ လုပ်လို့မရပဲ"

လောလောဆယ် အင်းစိန်ထောင်မှာ ခွဲစိတ်ကုသမှုခံယူနေရပြီး ထောင်ဒဏ် ၂၁ နှစ် ချမှတ်ခံထားရတဲ့ ပုဇွန်တောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောနိုင်နိုင်ရဲ့ဇနီးကတော့ အစောဆုံး ပြန်လွှတ်လာရင် ဝမ်းသာစရာကောင်းပါတယ်လို့ ဒီဗွီဘီကို အခုလို ပြောပြသွားပါတယ်။

"ထောင်ဝင်စာတွေ့တယ်။ အခု ဟိုမှာ ခွဲစိတ်ကုသနေတယ်။ အင်းစိန်ဆေးရုံကြီးမှာပါ။ ခွဲတာက Hydrocele ပဲ။ မနှစ်ကလည်း တခါလေ။ တဖက်ကို ခွဲတယ်။ ဒီတခါလည်း တဖက်ကိုခွဲတယ်။ ခွဲတာတော့ ပြီးပါပြီ။ Operation ကတော့ ကောင်းတယ်။ ဒါပေမယ့် ပြန်ပြန်ပြီးတော့ ကြီးလာလို့ အရည်တွေ စုပ်ထုတ်နေတယ်။ အခု မပြန်ရသေးဘူး ဆေးရုံ Guard ward ထဲမှာပဲ ထားတယ်။ မျှော်လင့်ချက်ဆိုတာကတော့ လူတိုင်းထားတာပေ့ါ။ သူ ကျတဲ့နှစ်ကလည်း များတယ်လေ။ ၂၁ နှစ်ဆိုတော့။ အန်တီတို့က မျှော်တော့ မမျှော်မှန်းဘူး။ စောစောစီးစီးပြန်လွှတ်လာရင်တော့ ဝမ်းသာစရာ ပေ့ါ"

အစသို့

## မိုးကုတ်မြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးမှူး ကိုမင်းသူ ပုဒ်မတပ်၍ စွဲချက်တင်ခြင်းမရှိဘဲ ဖမ်းဆီးခံထားရ

*၆ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒေါ်အောင်ဆန်းစုကြည်၏ မိုးကုတ်မြို့ခရီးစဉ်အပြီးတွင် ဖမ်းဆီးခံခဲ့ရသည့် မိုးကုတ်မြို့နယ်အဖွဲ့ချုပ်စည်းရုံးရေးမှူး ကိုမင်းသူကို ပုဒ်မတပ် စွဲချက်တင်ခြင်းမရှိဘဲ အာဏာပိုင်တို့က ယခုချိန်ထိ မန္တလေးထောင်တွင် ချုပ်နှောင်ထားကြောင်း သိရသည်။

ကိုမင်းသူသည် မိုးကုတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းကြည်နှင့်အတူ လွန်ခဲ့သည့်နှစ်မေလတွင် ဒေါ်အောင်ဆန်းစုကြည် မိုးကုတ်မြို့ကိုလာရောက်စဉ် တက်ကြွစွာ ကူညီဆောင်ရွက်ခဲ့သူဖြစ်သည်။ အဆိုပါ ခရီးစဉ်အပြီး မေလ ၆ ရက်နေ့ကတည်းက ဒေါ်မေနှင်းကြည်ကို စစ်ထောက်လှမ်းရေးက ခေါ်ယူစစ်ဆေးခဲ့သော်လည်း ကိုမင်းသူကိုမူ ဖမ်းဆီးခြင်း မရှိသေး ပေ။ သို့သော် ဇူလိုင်လအတွင်း ဒေါ်မေနှင်းကြည် နောက်တကြိမ် ဖမ်းဆီးခံရစဉ်တွင် ကိုမင်းသူကိုပါ စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့သည်။ ထိုအကြောင်းကို ပြီးခဲ့သည့်နိုဝင်ဘာလကမှ ပြန်လွှတ်လာသည့် မိုးကုတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းကြည် က ဒီဗွီဘီကို ယခုလိုပြောဆိုသည်။

"ခု မလွှတ်သေးပါဘူး။ အန်တီကို ဇူလိုင် ၁၇ ရက်နေ့ကဖမ်းပြီး သူ့ကို ၁၉ ရက်နေ့မှာ ဖမ်းတာပါ။ စွဲချက် မတင်ဘူး။ အန်တီတို့လိုပဲ။ ခေါ်ယူထိန်းသိမ်းထားတာပဲ။ မန္တလေးထောင်လို့ ပြောတယ်။ သူက မိုးကုတ်မြို့နယ် စည်းရုံးရေးကော်မတီဝင် တယောက်ပဲ။ သူက လူငယ်ပိုင်းနဲ့ ပတ်သက်ပြီး တာဝန်ယူတာပဲ။ အန်တီစု လုံခြုံရေးပေးဖို့တို့၊ ကြိုဖို့တို့၊ လူငယ်တွေကို Organise လုပ်တာပေ့ါ။ ဘာပဲပြောပြော အန်တီကိုတောင် လွှတ်ပြီဆိုမှတော့ (တခြားအန်တီတို့မြို့က ၃ ယောက်က အန်တီ ထောင်ထဲမှာရှိတုန်းက သုံးနှစ်ချလိုက်တယ်ဆိုတော့ ထားလိုက်တော့) မင်းသူကျတော့ ဘာမှလည်း စွဲချက်တွေ ဘာတွေ တင်တာမရှိဘူး"

ကိုမင်းသူအပြင် မိုးကုတ်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒု–ဥက္ကဋ္ဌနှစ်ဦးတို့ကိုလည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ထောင် ၃ နှစ်စီ ချမှတ်ခဲ့သည့် အကြောင်း ဒေါ်မေနှင်းကြည်က ယခုလို ဆက်လက်ပြောဆိုသည်။

"ပထမဦးဆုံး အန်တီတို့ မိုးကုတ်ကပြန်လာတဲ့အခါကျတော့ အန်တီကို MI-6 မှာ ခေါ်ယူစစ်မေးတယ်မဟုတ်လား။ အဲဒီ အချိန်တုန်း ကတည်းက သူတို့ ၃ ယောက်ကို ဖမ်းထားတာ။ ဦးကျော်ဒင်နဲ့ ဦးကိုက ဒု–ဥက္ကဋ္ဌ ၂ ယောက်။ ဥက္ကဋ္ဌက ကိုစံလင်း။ အားလုံးက သူ့ဆိုင်ရာဆိုင်ရာ ကြိုကြတာပေ့ါ။ မြို့နယ် EC အနေနဲ့ကတော့ အကုန်တာဝန်ရှိတာပေ့ါ။ ရုံးလုပ်ငန်းအနေနဲ့ကတော့ အကုန်လုံးလုပ်ရတာပေ့ါ။ အားလုံးကို လွှတ်စေချင်တယ်။ ရာဇဝတ်နဲ့ငြိစွန်းရလောက်အောင် ဘာမှကိုမရှိတာ။ ဒါပေမယ့် သူတို့က ဆူပူမှုကို လှုံ့ဆော်ဖန်တီးတယ်ဆိုတဲ့သဘောတဲ့။ အန်တီတို့ကတော့ မှန်မှန်ကန်ကန်ပဲ ကိုယ့်ခေါင်းဆောင်ကို ကိုယ်ညွှန်ခံတာ အပြစ်လားလို့ပဲ မေးလိုက်တာပေ့ါ"

ဒီပဲယင်းအကြမ်းဖက်မှု မတိုင်မီကတည်းက ယခုလို ဖမ်းဆီးထောင်ချခံခဲ့ရသည့် အဖွဲ့ချုပ်ဝင်များရှိသလို ဒီပဲယင်းတိုက်ခိုက်မှုအတွင်း ဖမ်းဆီးခံ ခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ချုပ်ဝင်များလည်း ရွှေဘိုနှင့် ကလေးမြို့ထောင်တို့တွင် ကျန်ရှိနေဆဲ ဖြစ်သည်။ ထို့ပြင် နေအိမ်များ မှ ထပ်မံဖမ်းဆီးခံနေရသည့် ရန်ကုန်တိုင်းအဖွဲ့ချုပ်ဝင်များ၊ မန္တလေးနှင့် ကချင်ပြည်နယ်မှ အဖွဲ့ချုပ်ခေါင်းဆောင်များကိုလည်း အကျဉ်းထောင်အသီးသီး တွင် ချုပ်နှောင်ထားဆဲဖြစ်သည်။ ၎င်းအပြင် ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၂ ရက်နေ့ကလည်း မန္တလေးတိုင်းအဖွဲ့ချုပ်ဝင် ၆ ဦး ကို ပြည်ပအတိုက်အခံများနှင့် ဆက်သွယ်သည်ဆိုပြီး စစ်ထောက်လှမ်းရေးက ထပ်မံဖမ်းဆီးခဲ့သည်။ ယခုလိုဖမ်းဆီးမှုများအပေါ် နိုင်ငံရေး အကျဉ်းသား ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ပြောခွင့်ရပုဂ္ဂိုလ် ကိုတိတ်နိုင်က ကန့်ကွက်ပြောဆိုထားသည်။

"ကျနော်တို့အမြင်က ဒီပဲယင်းနောက်ပိုင်းမှာ အဓိကဖမ်းတာကတော့ NLD အဖွဲ့ဝင်တွေကိုပဲ အာရုံစိုက်ဖမ်းနေတယ်ဆိုတာ တွေ့ရတယ်။ အဲလိုဖမ်းတဲ့အခါမှာလည်း ပုဒ်မတွေက တော်တော်ကို စုံစုံလင်လင်နဲ့ဖမ်းတာကိုတွေ့ရတယ်။ ဥပမာ… စက်ဘီးစီးသွားတုန်း လမ်းမှာ ခွေးကိုတိုက်မိ ရင်တောင်မှ တိရိစ္ဆာန်ညှဉ်းဆဲမှုနဲ့ဖမ်းတယ်ဆိုတဲ့ အဆင့်ထိဖြစ်တယ်။ ဒါဟာ NLD အပေါ်မှာ အငြိုးတကြီးနဲ့ နိုင်လိုမင်းထက်လုပ်နေတယ်လို့ပဲ ကျနော်တို့မြင်တယ်။ အဓိက ကတော့ NLD ရဲ့လှုပ်ရှားမှုတွေ မလှုပ်ရှားနိုင်အောင်၊ လူတွေ ကြောက်ရွံ့လာအောင် ဆိုပြီး NLD အဖွဲ့ဝင်တွေကို တမင်သက်သက် အကြောင်းပြချက်အမျိုးမျိုးတွေနဲ့လိုက်ဖမ်းနေတာကို တွေ့ရတယ်။ ဒီလိုလုပ်တာမျိုးတွေဟာ တကယ့်ကို ကလေးကလားဆန်ပြီး တကယ့်ကို အာဃာတကြီးကြီးလုပ်တဲ့ကိစ္စတွေမှာ ကျနော်တို့အနေနဲ့ ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်"

အစသို့

## မန္တလေး အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်လူငယ် ၁ ဦး ထပ်မံဖမ်းဆီးခံရ ယခုရက်ပိုင်းအတွင်း ဖမ်းဆီးခံရသူ ၇ ဦးရှိပြီဖြစ်ကြောင်း သိရ

*၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မန္တလေးတိုင်း၊ အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်လူငယ် ကိုအောင်နိုင်သူကို နအဖ စစ်ထောက်လှမ်းရေးက ဖမ်းဆီးသွားကြောင်း သိရသည်။

တက္ကသိုလ် ကျောင်းသားတဦးဖြစ်သည့် ကိုအောင်နိုင်သူကို လွန်ခဲ့သည့် ၅ ရက်ခန့်က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ဒီဇင်ဘာလ ၂၂ ရက် နေ့ က အဖမ်းခံခဲ့ရသူ ဒေါ်နှင်းပပ၏သားဖြစ်သည်။ ၎င်းတို့သားအမိနှစ်ဦးသည် မေလ စည်းရုံးရေးခရီးစဉ်အတွင်း မန္တလေးမြို့ကို ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိလာစဉ် အဖွဲ့ချုပ်လုပ်ငန်းများကို တက်ကြွစွာလှုပ်ရှားဆောင်ရွက်ခဲ့သူများ ဖြစ်သည်။ အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ဝင် ဒေါ်နှင်းပပကို ပြည်ပအတိုက်အခံများနှင့် ဆက်သွယ်သည်ဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့သော်လည်း သားဖြစ်သူကိုမူ မည်သည့်ပြစ်မှုဖြင့် ဖမ်းဆီးခဲ့ ကြောင်း မသိရသေးပေ။

မန္တလေးမြို့တွင် ယခုရက်ပိုင်းဖမ်းဆီးခံရသူ ၇ ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့အားလုံးကို မန္တလေးထောင်၌ ချုပ်နှောင်ထားကြောင်းလည်း မန္တလေး တိုင်း အဖွဲ့ချုပ်တိုင်းစည်းအဖွဲ့ဝင် ဦးမောင်မောင်သန်းက ဒီဗွီဘီ ကို ယခုလိုပြောဆိုသည်။

"အဖမ်းခံခဲ့ရတာတော့ အရှေ့တောင်မြို့နယ်က ဦးလှစိုး၊ ဒေါ်နှင်းပပ၊ ကိုမြင့်ဦး၊ ကိုအောင်အောင်၊ ကိုမင်းကြည် (ထွန်းတုံးရပ်)၊ နောက်ပြီး အရပ်သားတယောက် ပါပါတယ်။ ဒေါ်နှင်းပပရဲ့ သားတယောက်လည်း ထပ်ပြီးတော့ဖမ်းထားတယ်လို့ ကြားတယ်။ အားလုံး ၇ ယောက် ဖြစ်သွား တာပေ့ါ။ ဒေါ်နှင်းပပသားကတော့ အရှေ့တောင်မြို့နယ် လူငယ်အဖွဲ့ဝင်ပါပဲ။ လွန်ခဲ့တဲ့ ၅ ရက် လောက်က အဖမ်းခံရတာဗျ။ မန္တလေးအိုးဘိုထောင် မှာပဲ ထိန်းသိမ်းထားတုန်းပဲ ရှိသေးတယ်။ ရုံးထုတ်တာတော့ မကြားသေးဘူး"

ဒီပဲယင်းအရေးအခင်းအပြီး နောက်တရက်မှာပင် ဖမ်းဆီးခံခဲ့ရသည့် မန္တလေးတိုင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘိုဇံကိုမူ အာဏာပိုင်တို့က မိသားစုဝင် များနှင့် ယခုအချိန်ထိတွေ့ခွင့်မပေးသေးသည့်အတွက် ၎င်းကို မည်သည့်နေရာတွင်ထားကြောင်း အတိအကျမသိရသေးဟုလည်း ဦးမောင်မောင် သန်းက ဆက်လက်ပြောပြသည်။

ယခုလို အဖမ်းအဆီးများရှိနေသော်လည်း မန္တလေးတိုင်းအဖွဲ့ချုပ်ဝင်များသည် ဗဟို၏ ညွှန်ကြားချက်အရ ယာယီရုံးခန်းဖွင့်ပြီး အဖွဲ့ချုပ် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်းလည်း ဦးမောင်မောင်သန်းက ဆက်လက်ပြောဆိုသည်။

"ဗဟိုကနေ ညွှန်ကြားချက်အရ တိုင်းက အဖွဲ့ဝင်တယောက်ရဲ့အိမ်မှာ ဆက်သွယ်ရေးလမ်းကြောင်းဖွင့်ပြီးတော့ နိုင်ငံရေး လှုပ်ရှားမှု လုပ်ဖို့၊ နိုင်ငံရေးလုပ်တဲ့နေရာမှာလည်း သတိထားပြီးဆောင်ရွက်ကြဖို့၊ လွန်လွန်ကျံ့ကျံ့ မလုပ်ဖို့၊ ဗဟိုရဲ့လှုပ်ရှားမှုနဲ့ တညီတညွတ်တည်း ညီညီညွတ်ညွတ် ဆောင်ရွက်ကြဖို့ မှာကြားထားတာပါ။ တိုင်းမှာ ကျနော့်အိမ်မှာပဲ ဆက်သွယ်ရေးလမ်းကြောင်းဖွင့်ပြီးတော့ လှုပ်ရှားနေပါတယ်။ မြို့နယ်တွေကိုလည်း ဆက်ပြီးတော့ အဖွဲ့ဝင်တယောက်ယောက်ရဲ့အိမ်မှာပဲ ဆက်သွယ်ရေးရုံး သဘောမျိုး ဖွင့်ပြီးတော့မှ ပြန့်ကျဲနေတဲ့အင်အားတွေ စုပြီးတော့ လုပ်ငန်း တွေပေါ်လာရင် ဆောင်ရွက်ဖို့ဆိုပြီး စီစဉ်ထားတာပါ။ ဒီဇဘာ ၁၀ ရက်နေ့ ရန်ကုန်သွားပြီးပြန်လာပြီးတော့ တပတ်လောက်နေပြီး တောက်လျှောက်

ဆောင်ရွက်တာပဲ။ ပထမပိုင်းတော့ မန္တလေး ခရိုင်၊ ပြင်ဦးလွင်ခရိုင်နဲ့ ကျောက်ဆည်ခရိုင်ကို ပထမဆုံး လုပ်လိုက်တယ်။ ပြီးတော့မှ ကျန်တဲ့ မိတ္ထီလာ၊ မြင်းခြံနဲ့ ရမည်းသင်းခရိုင်တွေကိုတော့ ပြီးခဲ့တဲ့ လွတ်လပ်ရေးနေ့ကပဲ ညောင်ဦးမြို့မှာ ဆွမ်းကျွေးရင်းနဲ့ သူတို့ကို ဗဟိုက မှာကြားချက်တွေ ပြန်ပြောပြပြီးတော့ ရှင်းလင်းပြောတဲ့အခါ မြို့နယ် ၂၀ ကျော်က ပြီးခဲ့တဲ့ ၄ ရက်နေ့မှာ ပြီးသွားတာပါ” အစသို့

## ဒဂုံတက္ကသိုလ်မှ ကျောင်းသား ၇ ဦး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံရ

*၉ ၊ ဇန်နဝါရီ ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

တက္ကသိုလ်ကျောင်းသား ၇ ဦးကို အာဏာပိုင်တို့က နှစ်ရှည်ထောင်ဒဏ်များ ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

ဒဂုံတက္ကသိုလ်မှ ကျောင်းသား ၇ ဦးကို ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့တွင် ယခုလိုအပြစ်ပေးလိုက်ခြင်းဖြစ်ပြီး စွဲချက်တင်သည့်ပြစ်မှုမှာ ‘တက္ကသိုလ်ဘောလုံးသမဂ္ဂဖွဲ့စည်းရန်ကြိုးစားမှု’ ဆိုသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဗကသများအဖွဲ့ချုပ်၊ နိုင်ငံခြားရေးတာဝန်ခံ ကိုမင်းနိုင်ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းရာ...

“အဓိကဖြစ်တဲ့အကြောင်းရင်းက အားကစားသမဂ္ဂဖွဲ့စည်းဖို့အတွက် သက်ဆိုင်ရာ ပါ/ချုပ်တွေဆီ တင်တယ်။ ပါ/ချုပ်တွေက ခွင့်မပြုဘူး။ ခွင့်မပြုတဲ့အတွက် သူတို့က ဒါဟာ နိုင်ငံရေးနဲ့လည်းမဆိုင်ဘူး၊ ကျောင်းသားအဖွဲ့အစည်းထဲမှာ အားကစားအဖွဲ့အစည်းလေးတခု ရှိသင့်တယ်ဆိုတဲ့အမြင်နဲ့ သူတို့ဟာ သူတို့ဖာသာသူတို့ ဖွဲ့စည်းလိုက်ကြတယ်။ ဒီအပေါ်မှာ နအဖ က ဖမ်းပြီး အခုလို နှစ်ရှည်ထောင်ဒဏ်တွေ ချတာဖြစ်တယ်”

ဒဂုံတက္ကသိုလ်မှ ဒုတိယနှစ် ဥပဒေကျောင်းသားများဖြစ်ကြသည့် ကိုအောင်ကြီး၊ နန်းကျုန်နုန်းနှင့် မျိုးမြင့်ထွန်းတို့က ထောင်ဒဏ် ၁၅ နှစ်စီ၊ မျိုးသန်းထွဋ်၊ ဝင်းထွဋ်လွင်၊ အောင်ကိုဦးတို့က ထောင် ၁၃ နှစ်စီနှင့် ကိုကျော်မောင်က ထောင် ၇ နှစ် အသီးသီး ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့ကို ပြီးခဲ့သည့်နှစ် ဇွန်လကတည်းကဖမ်းထားခဲ့ပြီး ယခုမှ ပြစ်ဒဏ်ချခဲ့ခြင်း ဖြစ်သည်။ ယခုလို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည့်အပေါ် ကိုမင်းနိုင်က ယခုလို ဝေဖန်ပြောဆိုခဲ့သည်။

“ဒါကိုကြည့်မယ်ဆိုရင် အာဏာရှင်စနစ်အောက်မှာ ဒီနေ့ ဗမာပြည်မှာရှိတဲ့ ကျောင်းသားလူငယ်တွေဟာ ဘာအသင်းအဖွဲ့မှ ဖွဲ့ခွင့်မရဘူး။ ကျောင်းသားထု အခွင့်အရေးဟာ ဘာတခုမှ မရှိဘူးဆိုတာကို သက်သေပြနေတာပဲဖြစ်တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျနော်တို့ လုံးဝ ကန့်ကွက်ရှုတ်ချတယ်။ ဒီကျောင်းသားတွေကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်”

နအဖ စစ်အစိုးရသည် ၎င်း၏ Road Map လမ်းညွှန် ၇ ချက်အရ အမျိုးသားညီလာခံခေါ်ယူပြီး ပြန်လည်ရင်ကြားစေ့ရေး လုပ်ဆောင်နေသည်ဟု ပြောဆိုနေချိန် ယခုလို ကြီးလေးသည့် ထောင်ဒဏ်များချမှတ်ခဲ့သည့်အပေါ်တွင်လည်း ...

“အခုဆိုရင် Road Map ဆိုပြီး ဝန်ကြီးချုပ်ကနေ ဆွဲနေတယ်ဆိုတော့ ဒီနေ့ကာလမှာ နိုင်ငံရေးနဲ့မဆိုင်တဲ့ အသင်းအဖွဲ့ တခုတောင်မှ လွတ်လွတ်လပ်လပ် ထူထောင်ခွင့် မရှိဘူးဆိုရင် ဒီနေ့ ဗမာပြည်မှာ အဓိကနိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ NLD ဆိုရင် ဘာမှလုပ်ခွင့်မရှိဘူး။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်၌ကလည်း အဖမ်းခံထားရတယ်။ ဒီ ဗမာပြည် အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ဘယ်လိုလုပ် အောင်မြင်နိုင်မလဲဆိုတာ ဒီအတိုင်း ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး” အစသို့

## နအဖ သစ်တောဝန်ကြီးဟောင်း ဦးအောင်ဖုန်း၏ လူယုံတဦး သေဒဏ် အပြစ်ပေးခံရ

*၉ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ရာထူးမှဖြုတ်ခံလိုက်ရသည့် သစ်တောရေးရာဝန်ကြီး ဦးအောင်ဖုန်း၏ လူယုံတဦးကို အာဏာပိုင်များက ဖမ်းဆီးထောင်ချပြီး သေဒဏ် အပြစ်ပေးလိုက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်း၊ သစ်တောဦးစီးဌာန ရုံးအဖွဲ့မှူး ဦးစံမင်းကို ပြီးခဲ့သည့်လပိုင်းအတွင်း ဖမ်းဆီးစစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်နေ့တွင် အင်းစိန်ထောင် အထူးတရားရုံးမှ ယခုလို သေဒဏ်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ဦးစံမင်း၏ သားသမီး ၃ ဦးကိုလည်း အစိုးရဝန်ထမ်း အလုပ်များကနေ ထုတ်ပစ်လိုက်ကြောင်း သိရသည်။

ဦးစံမင်းကို စွဲချက်တင်တဲ့ပြစ်မှုကတော့ သစ်တောရေးရာဝန်ကြီးသစ် ဗိုလ်မှူးချုပ်သိန်းအောင်၏ အမေရိကန်ဆန့်ကျင်ရေးမိန့်ခွန်းများကို ရန်ကုန်ရှိ အမေရိကန်သံရုံးသို့ပေးပို့မှုကြောင့်ဖြစ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အစသို့

## ဒီပဲယင်း လုပ်ကြံမှုနောက်ပိုင်း ဖမ်းဆီးခံထားရသူ ရန်ကုန်တိုင်း အဖွဲ့ချုပ်ဝင် ၄ ဦး၏ အယူခံလွှာများ ပယ်ချခံရ

*၁၀ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မေ ၃၀ အကြမ်းဖက်မှုနောက်ပိုင်း ဖမ်းဆီးထောင်ချခံထားရသည့် ရန်ကုန်တိုင်း အဖွဲ့ချုပ်ဝင် ၄ ဦး၏အယူခံလွှာကို ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံးက ပယ်ချလိုက်ကြောင်းသိရသည်။

အယူခံ အပယ်ခံရသူများမှာ ရန်ကင်းမြို့နယ်အဖွဲ့ချုပ်လူငယ် ကိုမျိုးခင်၊ တောင်ဥက္ကလာပမြို့နယ်က ကိုမြတ်ကြီး၊ ကြည့်မြင်တိုင်မြို့နယ်က ကိုမောင်မောင်လေးနှင့် ရန်ကုန်တိုင်း အဖွဲ့ချုပ် ဗဟိုလုံခြုံရေးနှင့် စည်းရုံးရေးတာဝန်ခံ ကိုနေဝင်းတို့ဖြစ်သည်။ ၎င်းတို့ကိုအဖွဲ့ချုပ် ရုံးချုပ်ပြန်ဖွင့်ခွင့် စာရေးတောင်းဆိုမှု၊ ဒီပဲယင်းကိစ္စ စာရွက်စာတမ်းဖြန့်ဝေမှုများနှင့် ပြီးခဲ့သည့် ဇွန်လအစောပိုင်း စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ထောင်ဒဏ် ၄ နှစ်နှင့် ၃ နှစ်စီ အသီးသီးချမှတ်ပြီး အင်းစိန်ထောင်၌ ဖမ်းဆီးထားခြင်းဖြစ်သည်။ ၎င်းတို့ ၄ ဦး၏အယူခံ ပယ်ချခံကြောင်းကိုမူ ပြီးခဲ့သည့် ကြာသပတေးနေ့က ကိုမျိုးခင်ကို ထောင်ဝင်စာသွားတွေ့ခဲ့သည့် ဇနီး ဒေါ်ခင်ယဉ်ဝင်းက ယခုလိုပြောပြသည်။

"၈ ရက် ၁၂ လပိုင်းကနေ ခရိုင်တရားရုံးကို တင်တဲ့အခါ ပ,လပ်လိုက်တယ်။ အကျဉ်းနည်းနဲ့ပယ်တာတဲ့။ အခု ပြင်ဆင်မှု အဆင့်ဆင့်နဲ့ ဆက်ပြီးတော့ တက်မယ်လေ။ မနေ့က ထောင်ဝင်စာသွားတဲ့အခါ ဒုတိယအကြိမ် ပါဝါလွှဲစာ ရခဲ့တယ်။ တိုင်းကိုတက်ဖို့ အတွက်လေ။ ကိုမြတ်ထွေးတို့၊ ကိုနေဝင်းတို့၊ ကိုမောင်မောင်လေးတို့လည်း အကုန်လုံး အယူခံအပယ်ခံရတယ်"

အလားတူ တရားမဝင်ဆိုင်ကယ် လက်ဝယ်ထားရှိမှုနှင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခံထားရသည့် တောင်ငူမြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးမြင့်၏ အယူခံလွှာကိုလည်း မြို့နယ်၊ ခရိုင်နှင့် တိုင်း တရားရုံးများက အဆင့်ဆင့်ပယ်ချခဲ့သောကြောင့် ယခု ဗဟိုတရားရုံးကို ထပ်မံ တင်သွင်းထားကြောင်းလည်း သိရသည်။ အစသို့

## မင်းဘူးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် အင်းစိန်ထောင်ဆေးရုံ၌ ကုသနေရ၊ သားဖြစ်သူ ကိုလင်းလင်းထွန်း မန္တလေးထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ ပြန်လွှတ်လာသူ သားငယ်မှ တလှည့်စီ ထောင်ဝင်စာတွေ့နေရ

*၁၀ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ထောင်ဒဏ် ၂၈ နှစ် ချမှတ်ခံထားရသည့် မင်းဘူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ကျန်းမာရေးမကောင်းသည့်အတွက် အင်းစိန်ထောင်ဆေးရုံ၌ ကုသမှု ခံယူနေရကြောင်းသိရသည်။ အသက် ၅၈ နှစ်အရွယ်ရှိ ဦးစိုးမြင့်သည် ဆီးချို၊ နှလုံးနှင့်သွေးတိုး ရောဂါများ ခံစားနေရပြီး ပြီးခဲ့သည့် နှစ်ဆန်းပိုင်းကလေဖြတ်ခဲ့သဖြင့် ယခုချိန်ထိ အင်းစိန်ထောင်ဆေးရုံ၌ တင်ထားရခြင်းဖြစ်သည်။

ထို့ပြင် ၉၈ ခုနှစ်မှာပင် ဖခင်နှင့်အတူ ဖမ်းဆီးခံခဲ့ရသည့် သားဖြစ်သူ ကိုလင်းလင်းထွန်းလည်း မန္တလေးထောင်၌ နှလုံးရောဂါ၊ လေးဖက်နာနှင့် ငှက်ဖျားရောဂါများ ခံစားနေရကြောင်း သိရသည်။ စစ်အစိုးရက ကိုလင်းလင်းထွန်းကို စာရွက်စာတမ်းဖြန့်ဝေမှု၊ ပြည်ပ အတိုက်အခံ များနှင့် ဆက်သွယ်မှု၊ ပုံနှိပ်အက်ဥပဒေ စသည့် ပုဒ်မပေါင်းများစွာတပ်ပြီး ထောင်ဒဏ် ၄၂ နှစ် ချမှတ် ထားခြင်းဖြစ်သည်။ ယခု ၎င်းတို့နှစ်ဦးလုံး ကျန်းမာရေး မကောင်းသည့်အတွက် ဦးစိုးမြင့်၏ သားငယ်ဖြစ်သည့် ဖိုးလပြည့် (ခေါ်) ကိုကျော်ခိုင်ကထောင်ဝင်စာ တလှည့်စီ သွားတွေ့နေရသည်ဟု သိရသည်။ အင်းစိန်ထောင်ဆေးရုံရှိ ဖခင် ဦးစိုးမြင့်၏ အခြေအနေကို ဖိုးလပြည့်က ယခုလို ပြောပြသည်။

"သူ့ အသက်အရွယ်အရ လေအပြီးဖြတ်သွားတာတော့ မဟုတ်ဘူးပေါ့။ လေဖမ်းသွားတာပေါ့။ ကျနော် စတွေ့စက စကားပြောတာ နည်းနည်းဝါးသွားတယ်။ သိပ် မပီဘူး။ ဘယ်ဖက်တခြမ်း သိပ်မလှုပ်နိုင်ဘူးဖြစ်တယ်။ နောက်ပိုင်း Exercise တွေ လုပ်ရင်းနဲ့ လက်တို့၊ ခြေထောက်တို့က ပြန်ကောင်းပြီးတော့ စကားပြောတဲ့အခါ နည်းနည်းလေးတာတော့ ကျန်ခဲ့တယ်။ သွေးတိုး၊ ဆီးချို၊ နှလုံး လူကြီးရောဂါ သဘောမျိုးပေါ့။ ခုချိန်ထိ ဆီးချိုဆေးက သောက်နေရတုန်းပဲ။ စိတ်ပိုင်းဆိုင်ရာကတော့ ကောင်းပါတယ်။ ရောဂါ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့အချိန်ကလွဲရင် ကျန်တဲ့ အချိန်မှာတော့ တက်တက်ကြွကြွ လန်းလန်းဆန်းဆန်း တွေ့ရတယ်"

မန္တလေးထောင်ရှိ အကိုဖြစ်သူ ကိုလင်းလင်းထွန်း၏အခြေအနေကိုလည်း ယခုလို ဆက်လက်ပြောပြသည်။

"သူ့ကို ဒီဇင်ဘာ ၁၆–၁၇ မှာ သွားတွေ့ထားပါတယ်။ သူ့ ကျန်းမာရေးအခြေအနေက နည်းနည်းတော့ ကောင်းလာပါတယ်။ အရင် ကလေးမြို့ ထောင်ကနေ သူ့ကို နှလုံးရောဂါနဲ့ လေးဖက်နာနဲ့ ICRC ရဲ့ Recommend နဲ့ မန္တလေးထောင်ကို ရွှေ့ပေးလိုက်တာပါ။ အဲဒီကနေ တောက်လျှောက် ကလေးမြို့က ငှက်ဖျားပါလာတော့ ရောက်ခါစက တော်တော်ခံရတယ်ပြောတယ်။ ကျနော်ထွက်လာပြီး သွားတွေ့တဲ့အချိန်အထိ သူ တော်တော်နဲ့ ကျန်းမာရေးက ကောင်းမလာဘူး။ အရင်တပတ်ကဆိုရင် နှာခေါင်းထဲမှာ အနာဖြစ်နေတယ်"

ဖိုးလပြည့် (ခေါ်) ကိုကျော်ခိုင် ကိုယ်တိုင် ပြီးခဲ့သည့်နှစ် မတ်လက ပုသိမ်ထောင်မှ ပြန်လွှတ်လာသူ ဖြစ်သည်။ ဦးစိုးမြင့်၊ ကိုလင်းလင်းထွန်း နှင့် ဖိုးလပြည့်တို့ ၃ ဦးလုံးကို စစ်ထောက်လှမ်းရေးက ၁၉၉၈ ခုနှစ်က တပြိုင်တည်းဖမ်းဆီးခဲ့ပြီး ဖခင်ကို ၂၈ နှစ်၊ အကိုဖြစ်သူကို ၄၂ နှစ်နှင့် ဖိုးလပြည့်ကို ၇ နှစ် ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ခြင်းဖြစ်သည်။ အစသို့

## အိမ်ရှေ့ခြံစည်းရိုး ထုံးသုတ်ရန်ငြင်းပယ်သူ ၅ ဦး ဖမ်းဆီးခံရခြင်း

*၁၀ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ရန်ကုန်တိုင်း၊ တွံတေးမြို့တွင် အိမ်ရှေ့ခြံစည်းရိုး ထုံးသုတ်ရန် ငြင်းပယ်ခဲ့သူ ၅ ဦးကို အာဏာပိုင်တို့က ဖမ်းဆီးလိုက်ကြောင်း သိရှိရသည်။

အဆိုပါ ၅ ဦးမှာ ဒေါ်ဖြူနု၊ ဦးအောင်စိန်၊ ဦးစော၊ ကိုနိုင်ဦးနှင့် အခြားအမည်မသိ ၁ ဦးတို့ဖြစ်ပြီး ဒီဇင်ဘာ ၂၄ ရက်နေ့က ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ညွှန့်ပေါင်းအစိုးရ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အာဏာပိုင်တို့ဘက်က ခိုင်းစေသည့် လုပ်ငန်းများမှာ အိမ်ရှေ့လမ်းကို ကိုယ်ထူကိုယ်ထ ပြုပြင်ရန်အိမ်ရှေ့ခြံစည်းရိုးကို အုတ်တံတိုင်းအဖြစ် အသစ်ကာရံ ထုံးသုတ်ရန်နှင့် နေအိမ်ကို လှလှပပပြုပြင်ရန် ဖြစ်သည်။ ထိုတာဝန်များကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပြီး ပျက်ကွက်လျှင် ပြင်းထန်စွာ အရေးယူခံရမည်ဟု မယက ဥက္ကဋ္ဌကိုယ်တိုင်က ဒီဇဘ်ာလဆန်းက အမိန့်ထုတ်ခဲ့ကြောင်းသိရသည်။ ထို အမိန့်ကို လူတိုင်းလိုက်နာပါ့မည်ဟု မြို့လူထုအား လက်မှတ်ထိုးခိုင်းနေချိန် အဆိုပါ ၅ ဦးက ၎င်းတို့အနေဖြင့် မလုပ်နိုင်ကြောင်း၊ ပေးရန်ငွေလည်း မရှိကြောင်း ငြင်းဆိုခဲ့သည့်အတွက် ဒုရဲအုပ်မျိုးအေးနှင့်အဖွဲ့က ယခုလို ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ အစသို့

## ပုသိမ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူ နိုင်ငံရေးအကျဉ်းသား ဖိုးလပြည့်နှင့် ဒီဗွီဘီ ဆက်သွယ်မေးမြန်းချက် အပိုင်း–၁

*၁၃ ၊ ဇန်နဝါရီ ၊ ၂၀၀၃*

ဖခင်ဖြစ်သူ မင်းဘူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ အကိုဖြစ်သူ ကိုလင်းလင်းထွန်းတို့နှင့်အတူ သားအဖ ၃ ဦးစလုံး လွန်ခဲ့သည့် ၅ နှစ်ကျော်က ဖမ်းဆီးခံခဲ့ရသည့် အဖြစ်အပျက်များကိုဖိုးလပြည့်က ယခုလို စတင်ပြောဆိုသည်။

"အဖေတို့ကိုဖမ်းတဲ့အချိန်တုန်းက CRPP ဖွဲ့ပြီ၊ ဘယ်နှစ်လအတွင်း လွှတ်တော်ခေါ်ယူပေးဖို့တောင်းဆိုနေတဲ့အချိန်မှာ နအဖ,ကလည်း ရှိသမျှ ကိုယ်စားလှယ်တွေကို သူတို့ကောက်နိုင်သမျှ အကုန်လုံးကောက်။ တခြားလူတွေရော အကုန်လုံးကောက်၊ တော်တော်ဖမ်းပြီးတော့ အတွင်းကို ပို့နေတဲ့ အချိန်ပေါ့"

မေး ။ ။ ဖိုးလပြည့်တို့ကို ဘယ်အချိန်လောက်လာဖမ်းတာလဲ။ အဖေကိုဖမ်းတဲ့အချိန်နဲ့ ဘယ်လောက်လောက် ကွာလဲ။

ဖိုးလပြည့် ။ ။ အဖေကိုဖမ်းပြီး တလလောက်ခြားတယ်။ ကျနော့်ကို စက်တဘ်ာ ၁၈ ရက်နေ့ည ၈ နာရီခွဲ ၉ နာရီလောက်မှာ အိမ်ကို လာဖမ်းသွားတာ။ ကျနော့်အကို့ကို အဲဒီနေ့ မနက်စောစောပိုင်းကဖမ်းတယ်လို့ နောက်မှပြန်သိရတယ်။ သူ့ကိုတော့ ကားဂိတ်မှာ ဖမ်းသွားတယ်။ ကျနော့်ကို အောင်သပြေစစ်ကြောရေးကို ပို့တာကိုး။ အဲဒီမှာ ၇ ရက်လောက်ကြာတယ်။ အရင်ဆုံး အင်းစိန်ထောင်မကြီးကို အရွှေ့ခံရတယ်။ အဲလိုရွှေ့ခါနီးမှ ကျနော့်အကိုနဲ့ တွေ့ရတယ်။ သီးသန့်အနေနဲ့တွေ့ပေးတာ မဟုတ်ဘူး။ ဖမ်းထားတဲ့သူတွေအကုန်လုံးကို ထားစရာမရှိလို့ အခန်းထဲမှာ အားလုံးစုထည့်ထားတဲ့အချိန်မှာမှ ခဏတွေ့ဖြစ်လိုက်ကြတာ။

မေး ။ ။ စစ်ကြောရေးအတွေ့အကြုံကို ပြောပြလို့ရမယ်ဆိုရင် ပြောပြပေးပါလား။

ဖိုးလပြည့် ။ ။ စစ်ကြောရေးကတော့ အမရယ် ချိုချိုသာသာ မေးတယ်ဆိုတာတော့ မရှိဘူးပေါ့။

မေး ။ ။ စီရင်ချက်ချတဲ့အခါ ဘယ်တရားရုံးကနေ စီရင်လိုက်တာလဲ။ ရှေ့နေတွေရော ငှားခွင့်ရှိခဲ့ပါသလား။

ဖိုးလပြည့် ။ ။ အထူးသဖြင့် ၅ (ည) မှုမှာတော့ ရှေ့နေငှားခွင့် မရှိဘူးထင်တယ်။ ရှေ့နေငှားခွင့်ဆိုတာ ကြားလည်း မကြားဖူးဘူး။ ကျနော်တို့ကို သင်္ကန်းကျွန်းမြို့နယ် တရားရုံးဆိုပြီး ခေါင်းစဉ်တပ်ပြီး ထောင်အကျဉ်းဦးစီးရဲ့ ဓမ္မာရုံထဲမှာ တရားရုံးလုပ်ပြီးတော့ ခေါ်တယ်။ ရှင်းရှင်းလေးပဲ တရားရုံးထဲမဝင်ခင် ထောင်ကနေခေါ်လာကတည်းက ပြောတယ် "ထောင်ချချင်လို့ ဖမ်းတာ၊ အပြစ်ရှိလားလို့မေးတဲ့အခါ ရှိတယ်ပြောလည်း ချမှာပဲ၊ မရှိဘူး ပြောလည်း ချမှာပဲ"လို့ထောက်လှမ်းရေးက ပြောတယ်။

မေး ။ ။ အမိန့်ချတော့ရော အဖေရယ်၊ အကိုရယ်၊ ဖိုးလပြည့်ရယ်ကို ၃ ယောက်လုံး တနေ့တည်းမှာ ချတာလား။

ဖိုးလပြည့် ။ ။ တနေ့တည်းပဲ။ ဖမ်းထားသမျှ လူတွေ အကုန်လုံးပဲ။ ကျနော်တို့အမှုတွဲတတွဲလုံးကို (လူ ၃၀ ကျော်မယ်ထင်တယ်။ NLD က) ကျောင်းသားအုပ်စုတွေကျတော့ ကျနော်တို့ရှေ့ သပ်သပ်ခွဲပြီး ချလိုက်တယ်။ နောက်တပတ်ကြာမှ ကျနော်တို့အုပ်စုတစုလုံးကို ချတယ်။ အဲဒီအုပ်စုထဲ မှာ ကျနော်တို့ သားအဖ ၃ ယောက်လုံး ပါတယ်။ ကျနော်ကတော့ ၅ (ည) တမှုတည်း။ ၇ နှစ်ပဲ။ ကိုလင်းက ၅ (ည) ၁၇/၂၀၊ ၅ (ည) ၁၇/၂၀ စာရွက်တရွက်ကို ၅ (ည) ၁၇/၂၀ နဲ့ စာရွက် ၂ ရွက်တပ်လိုက်တော့ ၄၂ နှစ် ဖြစ်သွားတယ်။ အမှန်ကတော့ တပေါင်းတည်းပဲ။ သူတို့ကတော့ စာရွက်ဝေတယ် ပြောတယ်။ ဒီ ဖြစ်စဉ်ပဲလေ။

မေး ။ ။ အမှန်ကတော့ အမှုက တမှုတည်းပေမယ့် တမင် နှစ်များစေချင်လို့ ခွဲခြားပြီးချတဲ့သေဘာပေါ့။

ဖိုးလပြည့် ။ ။ ဟုတ်ကဲ့။ စာရွက်ခေါင်းစဉ်တွေလိုက်ပြီး ထပ်ခဲ့တာပေါ့။

မေး ။ ။ ဦးစိုးမြင့်ကိုရော ဘယ်နှစ်နှစ်ချလိုက်တာလဲ။

ဖိုးလပြည့် ။ ။ ၂၈ နှစ် ခင်ဗျ။

မေး ။ ။ အဲဒီကနေ ဘယ်လောက်အကြာမှာ ပုသိမ်ထောင်ကို စ,ပြောင်းရသလဲ။

ဖိုးလပြည့် ။ ။ အမိန့်မချခင်ကတည်းက ထောင်တိုက်ဝန်းထဲမှာ သားအဖသုံးယောက်လုံး အတူတူမနေရဘူး။ ကျနော်က ၆ တိုက်မှာ၊ အဖေနဲ့ အကိုက ၂ တိုက်မှာ။ အကို့ကို အခန်း ၃၀ ဒီဖက်ထိပ်မှာထားပြီး အကို့ကို ဟိုးဖက်ထိပ်မှာထားတယ်။ သကြံန်ပြီးတော့ လေးလပိုင်း အကုန်မှာ ကျနော်တို့ ပုသိမ်ကိုပြောင်းရတယ်။

မေး ။ ။ အဲဒီအချိန် နိုင်ငံရေးအကျဉ်းသားဘဝနဲ့ ထောင်ပြောင်းရတဲ့အတွေ့အကြုံကို ပြန်ပြောပြပေးပါလား။

ဖိုးလပြည့် ။ ။ အမိန့်မချသေးဘဲ အချုပ်အတိုင်းချုပ်ထားတဲ့ ကာလတလျှောက်ဟာ ကျနော်တို့အတွက် အဆိုးရွားဆုံး အချိန်ပဲ။ အဲဒီ အချိန်မှာ ကျနော်တို့ စကားပြောလို့ မရဘူး။ သီချင်းဆိုလို့ မရဘူး။ တံခါးလာဖွင့်တဲ့လူကိုတောင် စကားပြောလို့မရဘူး။ မေးလို့ မရဘူး။ အဲလို ၆ လ ၇ လ လောက် ဖြတ်သန်းခဲ့ရတယ်။ ကျနော်တို့ကို စုထားပေးတဲ့ အုပ်စုထဲရောက်လို့ ခေါင်းစွပ်တွေဘာတွေ ချွတ်လိုက်တဲ့အချိန်မှာ ပထမဦးဆုံးအကြိမ် ကိုယ့်အချင်းချင်းဆိုတာ သိလိုက်ရတယ်။ အဲဒီအချိန်မှာ တယောက်နဲ့တယောက် ပြန်တွေ့ရတာ၊ စကားပြောရတာနဲ့ ကျနော်တို့ကို ထောင်ပြောင်းတယ်ဆိုတဲ့ကိစ္စက မေ့သွားတယ်။ မှတ်မှတ်ရရပေ့ါဗျာ ကျနော်တို့ကားဇက်ပေါ်တက်တဲ့အချိန်မှာ ကျနော်တို့ကားကို ဝိုင်းကြည့်နေတဲ့ မျက်လုံးတွေ၊ သူတို့ကတော့ အချုပ်ကားကြီးဆိုတာ သိတယ်။ သူတို့သိတာက ဒီကားကြီးဟာ ထောင်သားတွေ သယ်လာတယ်ဆိုတဲ့ အသိနဲ့ပဲ ကြည့်တာ။ အဲဒီ အချိန်မှာ ကျနော်တို့ရဲ့စိတ်ထဲမှာ ကျနော်တို့ဟာ သူတို့မျက်လုံးတွေနဲ့ကြည့်တဲ့ အကြည့်မျိုးကို လုံးဝ မခံစားနိုင်ဘူး။ အစသို့

## မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြမှုဖြင့် ထောင်ဒဏ်နှစ်ရှည်ချခံထားသူများ၏ အယူခံလွှာများကို ဗဟိုတရားရုံးသို့တင်သွင်းရန် ပြင်ဆင်နေ

*၁၅ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မြို့တော်ခန်းမရှေ့ ဆန္ဒပြမှုဖြင့် ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံထားရသူ ကျောင်းသားခေါင်းဆောင်တဦးနှင့် သီလရှင် ၂ ပါးတို့အတွက် အယူခံလွှာများကို မကြာခင်ရက်ပိုင်းအတွင်း ဗဟိုတရားရုံးသို့တင်သွင်းရန် အဖွဲ့ချုပ် ဥပဒေအထောက်ကူပြုအဖွဲ့မှ ပြင်ဆင်နေပြီကြောင်း သိရသည်။

ထောင်ဒဏ် ၇ နှစ် ချမှတ်ခြင်းခံထားရသည့် ရန်ကုန် တက္ကသိုလ်ကျောင်းသား ကိုခင်မောင်ဝင်း၏ အထူးအယူခံလွှာကို မနက်ဖြန် ဗဟိုတရားရုံးထံ တင်သွင်းမည်ဖြစ်ပြီး ယခုအကြိမ်သည် နောက်ဆုံးအကြိမ် အထူးအယူခံလွှာ တင်သွင်းခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်ရှေ့နေတဦးက ဒီဗွီဘီကို ပြောဆိုသည်။ ယခင် ၂ ကြိမ် အယူခံလွှာကို ပယ်ချခဲ့ပြီးဖြစ်သော်လည်း မတရားမှုများကို ၎င်းတို့ဘက်ကနေ ဥပဒေကြောင်းအရ ဆက်လက်တင်ပြရမည့် တာဝန်ရှိကြောင်းလည်း အဆိုပါ ရှေ့နေက ပြောဆိုသည်။ ကိုခင်မောင်ဝင်းနှင့်အတူ အဖမ်းခံခဲ့ရသည့် ဥပဒေကျောင်းသား ကိုသက်နောင်စိုးကတော့ ထောင်ဒဏ် ၁၄ နှစ် ကျခံနေရပြီး အခု သရက်ထောင်မှာ ရောက်နေတယ်ကြောင်းသိရသည်။ သို့သော် သူကတော့ အယူခံလွှာတင်ရေးကို ငြင်းပယ်ခဲ့ပြီး 'မှန်တာကိုပြော၊ မှန်တာကိုလုပ်နေတာဖြစ်တဲ့အတွက် စစ်အစိုးရဆီ ဘာမှ အယူခံနေစရာမလိုဘူး' လို့ ကိုသက်နောင်စိုးက ပြောဆိုသည်။

အလားတူ မြို့တော်ခမ်းမရှေ့ ဆန္ဒပြမှုနှင့် ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခံထားရသည့် သီလရှင် ၂ ပါးကိစ္စကိုလည်း ရှေ့သီတင်းပတ်ထဲ၌ပင် အယူခံလွှာတင်သွင်းရန် ပြင်ဆင်ထားကြောင်း အဆိုပါ ရှေ့နေက ပြောဆိုခဲ့သည်။

နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များ၏ ခန့်မှန်းချက်အရ မတရား ပုဒ်မမျိုးစုံနှင့် ဖမ်းဆီးခံနေရသူ နိုင်ငံရေးအကျဉ်းသားပေါင်း ၁,၅၀၀ ခန့် အကျဉ်းထောင်အသီးသီး၌ ရှိနေဆဲဖြစ်ကြောင်းလည်း သိရှိရသည်။ အစသို့

## ဒီပဲယင်း လုပ်ကြံမှုအတွင်း ရိုက်နှက်ဖမ်းဆီးခံထားရသူများထဲမှ အဖွဲ့ချုပ်ပါတီဝင် ၂၆ ဦးကို ပြန်လွှတ်ပေးကြောင်း နအဖ မှ ထုတ်ပြန်

*၁၆ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်းအရေးအခင်းအတွင်း ရိုက်နှက်ဖမ်းဆီးခံထားရသူများထဲက အဖွဲ့ချုပ်ပါတီဝင် ၂၆ ဦးကို ယနေ့ ပြန်လွှတ်ပေးလိုက်ကြောင်း နအဖ က သတင်းထုတ်ပြန်ထားသည်။ ပြန်လွှတ်လာသူအားလုံး ကျန်းမာရေးကောင်းမွန်ပြီး မိသားစုနှင့်တွေ့ခွင့် ရသွားပြီဆိုသော်လည်း မည်သူတို့ မည်သည့် ထောင်မှ ပြန်လွှတ်လာသည်ကို ရှင်းပြထားခြင်း မရှိပေ။

ထိုသတင်းနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်ခေါင်းဆောင်ပိုင်းကို မေးမြန်းသည့်အခါ ယခုလိုပြန်လွှတ်ပေးခြင်းကို မူအရ ကြိုဆိုသော်လည်း ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ မပါသေးသည့်အတွက် မေးခွန်းများ ကျန်နေဆဲဖြစ်ကြောင်း ဦးစိုးမြင့်က ပြောပြသည်။ အသေးစိတ်စာရင်းကိုမူ ၎င်းတို့ အနေဖြင့် စုံစမ်းနေဆဲဖြစ်ပြီး မန္တလေးတိုင်းဥက္ကဋ္ဌ ဦးဘိုဇံနှင့် အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြတို့ ပါဝင်ကြောင်းကိုမူ သိရှိရကြောင်း အဖွဲ့ချုပ် ခေါင်းဆောင်ပိုင်းက ပြောဆိုသွားသည်။

ထိုသတင်းနှင့်ပတ်သက်ပြီး မန္တလေးဘက်ကို စုံစမ်းသည့်အခါ ယနေ့မှ ပြန်လွှတ်လာသည့် မန္တလေးတိုင်း အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးကိုကိုကြီး က ဒီဗွီဘီ ကို ယခုလိုရှင်းပြသည်။

"ဥက္ကဋ္ဌ ဦးဘိုဇံရောဆိုရင် မန္တလေးမြို့ပေါ်က ၄ ယောက်ပေ့ါ။ မိုးကုတ်က ၄ ယောက်။ အတူတူပဲ တတိုက်ထဲ နေရတာ။ တိုက်ထဲမှာ နေရတာလေ။ ဥက္ကဋ္ဌ ဦးဘိုဇံကတော့ ၁၆ မှာပဲ ထိန်းသိမ်းထားတာ။ သူက ၁၆ ကနေ ခေါ်ထိန်းတာ။ ကျနော်တို့ကျတော့ CID ကနေ ခေါ်ပြီး ၅ (ည) ပုဒ်မနဲ့ အချုပ်သဘောမျိုး ထိန်းတာ။ စစ်ဆေးတာနဲ့ပတ်သက်လို့ကတော့ ရောက်ရောက်ချင်းတော့ ပါးစပ်နဲ့တောင်မှ ငေါက်ငန်း စစ်ဆေးတာမျိုး မပါပါဘူး။ ကောင်းကောင်းမွန်မွန်ပါပဲ။ အဲဒါကတော့ ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးဖြစ်မြောက်အောင် ဆောင်ရွက်ပေးလို့ဆိုပြီး တိုင်းအဖွဲ့အစည်းကို ခေါ်ပြီး စစ်ဆေးတဲ့ သဘောပါပဲ"

ဦးကိုကိုကြီးပြောကြားသွားသည့် ၈ ဦးမှာ မန္တလေးတိုင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘိုဇံ၊ ဒု–ဥက္ကဋ္ဌ ဦးစောဌေး၊ အတွင်းရေးမှူး ဦးကံထွန်း နှင့် ဘဏ္ဍာရေးမှူး ဦးကိုကိုကြီး။ မိုးကုတ်မြို့နယ်မှ ဥက္ကဋ္ဌ ဦးစံလင်း၊ ဒု– ဥက္ကဋ္ဌ ဦးမောင်ကို၊ အတွင်းရေးမှူး ဦးကျော်တင်နှင့် လူငယ် ကိုမင်းသူတို့ ဖြစ်ကြသည်။ မြစ်ကြီးနား ထောင်မှ ပြန်လွှတ်လာသူ ၅ ဦးရှိပြီး ပြည်နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလာဆိုင်း၊ အတွင်းရေးမှူး ဦးနေဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးနိုင်ဇော်ဝင်း၊ အဖွဲ့ဝင် ဦးမရန်ဘောက်လာနှင့် ကဝါနော်ဆိုင်းတို့ဖြစ်ကြောင်း မြစ်ကြီးနားအဖွဲ့ချုပ်ဝင်များက ဒီဗွီဘီကို ပြောဆိုသည်။

ရွှေဘိုထောင်မှ ပြန်လွှတ်လာသူ ၁၀ ဦးရှိကြောင်း သိရပြီး ထိုအထဲ၌ မန္တလေးတိုင်း အဖွဲ့ချုပ် အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြနှင့် အမရပူရမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့် တို့ပါဝင်ကြောင်း သိရသည်။

အခြားလူများ၏ အမည်စာရင်းကိုမူ အတိအကျ မသိရသေးပေ။ အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့်အတူ ဖမ်းဆီးခံနေရသည့် ကလေးမြို့ အကျဉ်းထောင်မှ လွှတ်တော်ကိုယ်စားလှယ်များမှာ ယခုလွှတ်ပေးသည့်အထဲတွင် မပါလာသေးကြောင်း၊ မျှော်လင့်နေဆဲဖြစ်ကြောင်း မန္တလေးတိုင်း၊ အနောက်မြောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်၏ ဇနီး က ဒီဗွီဘီကို ယခုလိုပြောပြသည်။

"ခုထိ အိမ်ကို ဘာမှ အကြောင်း မကြားသေးပါဘူး။ ၂၅ ဦးလွှတ်မယ်လို့တော့ ပြောသံကြားပါတယ်။ ရွှေဘိုထောင်ကလည်း ပါမယ်လို့ ပြောပါ တယ်။ ဒါပေမယ့် ဦးတင်အောင်တိုဆီကတော့ ဘာမှ အကြောင်းကြားတာတော့ မရှိသေးပါဘူး။ စိတ်လည်းမကောင်းဘူးပေ့ါ။ မျှော်လင့်တာပေ့ါ"

နအဖဘက်မှ ယခုလိုပြန်လွှတ်ပေးသည့် အခြေအနေနှင့် ဒီပဲယင်း အရေးအခင်းအပေါ် အဖွဲ့ချုပ်၏ သဘောထားများနှင့်ပတ်သက်ပြီး ဦးစိုးမြင့်ကို ထပ်မံမေးမြန်းခဲ့သည်။

ဦးစိုးမြင့် ။ ။ အန်ကယ်တို့က သိပ်ဝမ်းသာတာပေ့ါ။ ဒါဟာ ကောင်းတဲ့လက္ခဏာပဲလို့ သဘောထားတယ်။ ရှေ့ဆက်လည်း အဲလို စိတ်ကောင်း ထားပြီးတော့ လုပ်ပေးပါလို့ သက်ဆိုင်ရာအာဏာပိုင်တွေကို ပြောရမှာပေ့ါ။

မေး ။ ။ ကျန်နေသေးတဲ့ ဦးတင်ဦးတို့၊ ဒေါ်စုတို့အခြေအနေရော ဘယ်လိုမျိုး မျှော်လင့်ချက်ရှိမလဲ။

ဦးစိုးမြင့် ။ ။ ဘာမှ မကြားတော့ မပြောတတ်ဘူး ဖြစ်နေတယ်။

မေး ။ ။ ဒီပဲယင်းနဲ့ပတ်သက်ပြီး ဟိုတလောကတော့ အစိုးရဆီ စာတင်တယ်လို့ကြားရတယ်။ အခုအခြေအနေမှာ အန်ကယ်တို့ဘက်က ဆောင်ရွက်နေတာ ဘယ်လိုမျိုးရှိပါသလဲ။

ဦးစိုးမြင့် ။ ။ အခုရက်ပိုင်းတွေမှာ တခြားကိစ္စတွေကို ဖိပြီးလုပ်နေရတာတွေရှိတယ်။ စာပေးပြီးတဲ့နောက်မှာ သူတို့ဘက်ကလည်း ဘာမှ အကြောင်းမပြန်ဘူး။ အန်ကယ်တို့ဘက်ကလည်း ဆက်ပြီးတော့လုပ်နိုင်တဲ့အချိန် မရဘူးဖြစ်နေတယ်။

မေး ။ ။ စောစောပိုင်းမှာတော့ နိုင်ငံတကာကလည်း စုံစမ်းမယ်၊ စစ်ဆေးမယ်နဲ့ ကျယ်ကျယ်လောင်လောင်ကြားရပြီး အခုတော့ ဘာမှ မကြားရတော့ဘူး။ အဲဒီအပေါ်မှာရော အန်ကယ်တို့ ဘယ်လိုမျိုးပြောစရာရှိမလဲ။

ဦးစိုးမြင့် ။ ။ ဒီကိစ္စတွေအားလုံးဟာ ဗမာပြည်မှာရှိနေတဲ့ နိုင်ငံရေးအကြပ်အတည်းနဲ့ အကြပ်အတည်းပေါင်းစုံဟာ သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့အပေါ်မှာ ဗဟိုပြုနေတယ်။ သူတို့အနေနဲ့ အများကြီးစဉ်းစားပြီးတော့ တိုင်းပြည်အတွက် လုပ်သင့် လုပ်ထိုက်တာတွေ လုပ်ပေးဖို့ လိုမယ်။

အဖွဲ့ချုပ် သတင်းရပ်ကွက်များ၏အဆိုအရ ဒီပဲယင်းအရေးအခင်းကို ပထမ ဖြေရှင်းပြီးမှသာ အမျိုးသားညီလာခံကိစ္စများ၊ တွေ့ဆုံ ဆွေးနွေးရေးကိစ္စများကို ဆက်ပြီး ဆွေးနွေးနိုင်လိမ့်မည်ဟု ဒေါ်အောင်ဆန်းစုကြည်က သတိပေးပြောဆိုထားပြီး ပြည်ပရောက် အတိုက်အခံများကလည်း ဒီပဲယင်းကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူသည်အထိ ဆောင်ရွက်ပေးနိုင်ရန် ကြိုးစားနေကြောင်းလည်း သိရှိရသည်။ အစသို့

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးထားသူအားလုံးပြန်လွှတ်ပေးရန် လိုအပ် အမေရိကန်အစိုးရက နအဖ အား ထပ်မံတောင်းဆို

*၁၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခဲ့သူ ၂၆ ဦးကို ပြန်လွှတ်ပေးလိုက်သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် အခြား ဖမ်းဆီးထားသူအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် လိုအပ်ကြောင်းအမေရိကန်အစိုးရက ယနေ့ ပြောကြားလိုက်သည်။

ထို့ပြင် မေ ၃၀ နောက်ပိုင်း အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးထောင်ချခဲ့သူများနှင့် ဒီပဲယင်း တိုက်ခိုက်မှု မတိုင်မီကတည်းက ဖမ်းဆီးထားသည့် နှစ်ရှည် နိုင်ငံရေးအကျဉ်းသားအားလုံးအတွက်လည်း အမေရိကန်အစိုးရက စိုးရိမ်ပူပန်နေကြောင်း နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ကားတစ္ကူးပါးက ပြောဆိုသည်။ ယခုပြန်လွှတ်ပေးသည်ဆိုသော ၂၆ ဦး အမှန်တကယ် လွှတ်/မလွှတ် ဆိုသည်ကို အသေအချာစုံစမ်းပြီးမှ အတည်ပြုလက်ခံမည်ဟုလည်း ၎င်းကဆိုသည်။ သို့တင်မက ၎င်းတို့၏ဆန္ဒများကို ငြိမ်းချမ်းစွာဖော်ထုတ်ခဲ့ရုံနှင့် ဖမ်းဆီးထောင်ချခံခဲ့ရသည့် တက္ကသိုလ်ကျောင်းသားများ၊ ဒီမိုကရေစီအရေး လှုပ်ရှားသူများအတွက်လည်း အထူးစိုးရိမ်မိကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် စစ်အစိုးရကို အမေရိကန်အစိုးရက ထပ်မံတောင်းဆိုလိုက်ကြောင်း ဝါရှင်တန်က ပေးပို့သည့် AFP သတင်း၌ ရေးသားထားသည်။ အစသို့

## ဒီပဲယင်း လုပ်ကြံမှုအတွင်း ရိုက်နှက်ဖမ်းဆီးခံရသူများထဲမှ ပြန်လွှတ်ပေးလိုက်သည့် စာရင်း

*၁၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒီပဲယင်း လုပ်ကြံမှုအတွင်း ရိုက်နှက်ဖမ်းဆီးခံရပြီး မနေ့က ပြန်လွှတ်ပေးလိုက်သည့် စာရင်းများမှာ မန္တလေးထောင်မှ ၈ ဦးလွှတ်လာပြီး မန္တလေးတိုင်း ဥက္ကဋ္ဌ ဦးဘိုဇံ၊ ဒု–ဥက္ကဋ္ဌ ဦးစောဌေး၊ အတွင်းရေးမှူး ဦးကံထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးကိုကိုကြီး၊ မိုးကုတ်မြို့နယ်က ဥက္ကဋ္ဌ ဦးစံလင်း၊ ဒု–ဥက္ကဋ္ဌ ဦးမောင်ကို၊ အတွင်းရေးမှူး ဦးကျော်ဒင်နှင့် လူငယ်အဖွဲ့ဝင် ကိုမင်းသူတို့ဖြစ်ကြသည်။

မြစ်ကြီးနားထောင်မှ ပြန်လွတ်လာသူ ၅ ဦးရှိပြီး ဥက္ကဋ္ဌ ဦးလှစိုင်း၊ အတွင်းရေးမှူး ဦးနိုင်ဇော်ဝင်း၊ အဖွဲ့ဝင် ဦးမရန်ဇော်ဘောက်လာ၊ ဦးနေဝင်းနှင့် ကဝါနော်ဆိုင်းတို့ဖြစ်သည်။ ရွှေဘိုထောင်မှ ပြန်လွတ်လာသူ ၁၀ ဦးရှိပြီး ထိုအထဲ၌ မန္တလေး အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြ၊ အမရပူရ မြို့နယ်ဥက္ကဋ္ဌ ဦးလှမြင့်၊ လယ်ဝေးကိုယ်စားလှယ် ဦးတင်ထွန်းဦး၊ ဝက်လက်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ မြင်းမူကိုယ်စားလှယ် ဦးဘာဘာ၊ မန္တလေး (အရှေ့မြောက်) အဖွဲ့ဝင် ဦးရဲမြင့်အောင်၊ ဘုတလင်အဖွဲ့ဝင် ဦးအောင်သန်းနှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားတဦးဖြစ်သူ ကိုကျော်ဇင်ဝင်းတို့ ဖြစ်သည်။

ကလေးမြို့ထောင်မှ ၃ ဦးလွတ်လာသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ဦးတင်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးမှာ ယခု ချိန်ထိ အိမ်ပြန် မရောက်ကြသေးဟု သိရှိရသည်။ အစသို့

## ဒီပဲယင်းလုပ်ကြံမှုအတွင်း သေဆုံး ထိခိုက် ဖမ်းဆီးစာရင်း ထုတ်ပြန်ပေးရန် ပြန်လည်လွတ်မြောက်လာသူ ဒေါ်ဝင်းမြမြ တောင်းဆို

*၁၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒီပဲယင်းလူသတ်ပွဲသည် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးဇာတ်ခုံမှ အပြီးတိုင်ချုပ်ငြိမ်းသွားအောင် လုပ်ဆောင်ခြင်းဖြစ်ပြီး တိုက်ခိုက်မှုအတွင်း သေဆုံး၊ ထိခိုက်၊ ထောင်ချခံခဲ့ရသူများ၏ အမည်စာရင်းအတိအကျ ထုတ်ပြန်ပေးရန်လိုအပ်ကြောင်း မနေ့က ရွှေဘိုထောင်မှ ပြန်လွတ်လာသူ ဒေါ်ဝင်းမြမြက တောင်းဆိုလိုက်သည်။

ဒီပဲယင်းကိစ္စသည် အာဏာပိုင်များ၏ စနစ်တကျအကွက်ချစီစဉ်မှုဖြစ်သောကြောင့် ထိုမတရားမှုကို ဖော်ထုတ်ရန်လိုအပ်သည်ဟုလည်း မန္တလေးတိုင်း အဖွဲ့ချုပ် အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြက ပြောဆိုသည်။

ဒေါ်ဝင်းမြမြသည် မေ ၃၀ ရက်နေ့ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဒဏ်ရာအပြင်းအထန်နှင့် ဖမ်းဆီးခံခဲ့ရပြီး မနေ့က ရွှေဘိုထောင်မှ ပြန်လွတ်လာသူဖြစ်သည်။ ဒီပဲယင်းဖြစ်ရပ်မှန်များနှင့် အဆိုပါကိစ္စအပေါ် သူမ၏အမြင်သဘောထားတို့ကို သိရှိနိုင်ရန် ဒီဗွီဘီက ယနေ့ ဆက်သွယ် မေးမြန်းခဲ့သည်။

မေ ၃၀ ရက်နေ့ညနေ မုံရွာမြို့မှ ထွက်ခွာလာပုံက စပြီး ဒေါ်ဝင်းမြမြက ယခုလို စတင်ပြောဆိုသည်။

"ပထမလုံခြုံရေးကားရဲ့နောက်မှာ ဘဘ ဦးတင်ဦး ကား။ နောက်မှာ လုံခြုံရေးကားတစီး။ အဲဒီနောက်ကမှ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ရဲ့ကား။ အဲ နောက်ထဲမှာမှ လုံခြုံရေးကားတစင်း၊ ပြီးတော့မှ အဒေါ်တို့ကားပဲ။ ဒါပေမယ့် သွားရင်းသွားရင်းနဲ့ ကားတွေက ကြားထဲမှာ ဝင်ဝင် ဝင်ဝင်လာလိုက်တာ အဒေါ်တို့ကားက နောက်ဆုံးထိ ရောက်သွားတယ်။ အဒေါ်တို့ကားရဲ့နောက်မှာဆို နှစ်စင်း သုံးစင်းလောက်ပဲ ကျန်မယ့်အနေအထားမှာရှိတယ်။ အဲဒီလိုအချိန်မှာ ကျည်ရွာ (ဒီပဲယင်းနဲ့ နှစ်မိုင်လောက် ကွာတဲ့နေရာမှာ) ရောက်သွားတယ်။ အဲဒီအချိန်မှာပဲ ဆိုင်ကယ်သမားတွေကလည်း လာ သတင်းပို့တယ်။ 'ရှေ့မှာတော့ ကြံ့ခိုင်/ဖွံ့ဖြိုးရေးတွေက စောင့်နေကြတယ်။' နောက်မှာလည်း ပြန်ဆုတ်စရာ မရှိတော့ဘူး။ ကားတွေနဲ့ လိုက်လာကြတယ်။ ည ၇ နာရီခွဲ ၈ နာရီလောက် ရောက်တဲ့အခါမှာ သူတို့က ကားတွေနဲ့ လိုက်လာပြီးတော့ ပထမဦးဆုံး ရွာသားတွေကို ရိုက်တယ်။ ပြီးတော့ အဒေါ်တို့ကား အရင်ဦးဆုံး အရိုက်ခံရတာပဲ"

မေး ။ ။ သူတို့ ဘယ်လိုပုံစံမျိုးရိုက်ပါ သလဲ။

ဒေါ်ဝင်းမြမြ ။ ။ အဒေါ်တို့ကား ရောက်မသွားသေးခင် သူတို့ရပ်နေပုံက အကုန်လုံးက ခြေထောက်တွေကို ကားထားပြီးတော့ တုတ်ကိုင်ထားတဲ့လက်တွေကို နောက်ပစ်ထားပြီး မတ်မတ်ကြီးတွေ ရပ်နေကြတယ်။ ကားရှေ့ရောက်တော့မှ 'ချချချချ' ဆို ဝိုင်းပြီးရိုက်ကြတာပဲ။ သူတို့လူ သူတို့တော့မှတ်ထားတယ်။ ပိတ်ကြိုးအဖြူလေးတွေ ချည်ထားတယ်။ ပထမဆုံး ကားတွေကို ခဲလုံးတွေနဲ့ ဝိုင်းပြီး 'ဒုန်း ဒုန်း ဒုန်း' နဲ့ ထုကြတယ်။ ထုလိုက်သမျှ ကားတွေက ခါ ခါသွားတာပဲ။ ရှေ့က မှန်တွေကွဲ၊ ဒေါ်ဒေါ်တို့ မျက်နှာတွေလည်း မှန်ကွဲတွေစိုက်၊ ကားမှန်တွေ အကုန်ကွဲကုန်တာပဲ။ ပြီးတော့ 'ချချ ချချ' ဆိုပြီး တုတ်တွေနဲ့ လိုက်ရိုက်ကြတော့တာပဲ။ အဲဒီပုံစံနဲ့ပဲ အဒေါ်တို့ကားက မောင်းထွက်လိုက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်တို့ကားရှေ့ကို ရောက်သွားတယ်။ ဒေါ်အောင်ဆန်းစုကြည်ကားနဲ့ တခြားကားတန်းတွေ ကျန်နေရစ်ခဲ့တယ်။ ကျည်ရွာရောက်တော့ တအုပ်စုက ရိုက်ကြတာပဲ။ သူတို့က ဝိုင်းရိုက်ကြတော့ အဒေါ်တို့ကားထွက်ပေါက် မရှိတော့ဘူး။ သစ်ပင်နဲ့ ဝင်ဆောင့်မိတယ်။ အဲဒီမှာတင် အဒေါ့် လက်နှစ်ဖက်လုံး ကျိုးသွားတယ်။

မေး ။ ။ ခုနက ဒေါ်အောင်ဆန်းစုကြည်တို့ကားကို ကျော်သွားတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကားမှာ ဘယ်လို ဖြစ်ပျက်နေလဲဆိုတာ ပြောပြပေးပါလား။

ဒေါ်ဝင်းမြမြ ။ ။ အဒေါ့်မျက်နှာ တခုလုံးလည်း သွေးတွေရဲနေလို့ မျက်လုံးက ဘာမှ မမြင်ရတော့ဘူး။ ဒါပေမယ့် မြင်ခဲ့တဲ့တဦး ပြောတာကတော့ ဒေါ်အောင်ဆန်းစုကြည်ကား မှန်ရိုက်ခွဲခံရတာကတော့ သေချာတယ်။ နောက် ဇွတ်မောင်းပြီး ထွက်သွားလိုက်ရတဲ့အပိုင်းရှိတယ်။

မေး ။ ။ တွေ့လိုက်ရတဲ့သူက ဒေါ်အောင်ဆန်းစုကြည် ဒဏ်ရာရတယ်/မရဘူးဆိုတာ သူ မြင်လိုက်ရပါသလား။

ဒေါ်ဝင်းမြမြ ။ ။ မသိလိုက်ရပါဘူး။ မှန်ကွဲသွားတာ မြင်ရတယ်။ ရုန်းရုန်းရုန်းရုန်းနဲ့ သူ့ရိုက်၊ ကိုယ့်ရိုက်နဲ့ အကုန်လုံးက ပြေးကြရတာ။ ဘယ်သူ့ ဘယ်သူမှ တယောက်နဲ့တယောက် မကြည့်နိုင်တော့ဘူး။ ရိုက်တဲ့လူတွေက များလွန်းအားကြီးတယ်။ မှောင်လည်း မှောင်နေပြီ။ ကစဥ့်ကလျားနဲ့ပဲ။ တဖက်သတ် အရိုက်ခံရတာပဲ။ အပြန်အလှန်ရယ်လို့ လုံးလုံး မရှိဘူး။

မေး ။ ။ အဒေါ်တို့ကား အဲလို ဆက်ထွက်တဲ့အချိန်မှာ ဘေးပတ်ဝန်းကျင်ကိုကြည့်တော့ ကိုယ့်ရဲ့အဖွဲ့ဝင်တွေကို ဥပမာ… လမ်းဘေးမှာ လဲကျနေတာမျိုး၊ ဒဏ်ရာနဲ့တို့၊ သေပြီလို့ယူဆရတာတို့ တွေ့ခဲ့ရပါသလား။

ဒေါ်ဝင်းမြမြ ။ ။ တွေ့တဲ့လူတွေကတော့ အများကြီး တွေ့လာခဲ့ကြရတာပဲ။ အဒေါ်ကိုယ်တိုင်ကတော့ တကိုယ်လုံး သွေးတွေရဲနေပြီး မျက်စိ က ဘာမှ မမြင်နိုင်တော့ဘူး။ တဖြေးဖြေးနဲ့ မှောင်လာတာပဲရှိတယ်။ ည ၈ နာရီ၊ ၉ နာရီ ဖြစ်သွားတဲ့အနေအထားမှာရှိလာတယ်။

မေး ။ ။ တွေ့လိုက်ရတဲ့လူတွေရဲ့ ခန့်မှန်းချက်အရ ဒဏ်ရာရသူ၊ သေဆုံးသူ ဘယ်လောက်လောက် ရှိမယ်လို့ ပြောပါသလဲ။

ဒေါ်ဝင်းမြမြ ။ ။ အသေးစိတ် ကိစ္စတွေကတော့ အဖွဲ့အစည်းတွင်းမှာပဲ ပြောပါရစေတော့။ အသေးစိတ်ကိစ္စတွေကတော့ အဖွဲ့အစည်း အတွင်းမှာပဲ ကိုယ့်လူကြီးတွေ ထွက်လာတော့မှ တင်ပြသင့်တာတွေကို တင်ပြရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ပြောပြီးတော့မှ အာဏာပိုင် အဖွဲ့အစည်းအနေနဲ့က အဒေါ်တို့ကို တမျိုးတမည်မြင်လာ ထင်လာမယ်ဆိုရင် မကောင်းဘူး။

မေး ။ ။ အဲလို အဒေါ်တို့ကား သစ်ပင်ကို ဝင်တိုက်မိပြီးတဲ့နောက် ဆေးရုံကို ဘယ်လိုရောက်သွားလဲ။ အဲဒီအချိန်မှာ အဒေါ်တို့ကို သူတို့ လာခေါ်ပြီလား။

ဒေါ်ဝင်းမြမြ ။ ။ မနက် ၄ နာရီ လောက်ကျတော့ ဒဏ်ရာနည်းနည်းပါးပါးရတဲ့သူတွေကတော့ ထောင်ရောက်သွားတယ်။ ဒဏ်ရာ မရတဲ့သူတွေလည်း ထောင်ရောက်သွားမယ်။ လက်ကျိုး ခေါင်းပေါက်တဲ့လူတွေကတော့ ဆေးရုံကိုရောက်သွားမယ်။ သေတဲ့လူတွေကို ဘယ်လိုစီစဉ်တယ်ဆိုတာတော့ မသိတော့ဘူး။ ဘာအပြစ်မှ မရှိတဲ့ ဒီလိုလူမျိုးတွေကို တုတ်တွေနဲ့ အသေအကြေရိုက်တယ်ဆိုတာက မြင်ကွင်းမှာလည်း မကောင်းပါဘူး။ ဒီလိုမျိုးလည်း မဖြစ်သင့်ဘူး။ စိမ်ပြေနပြေကို တုတ်တွေခဲတွေနဲ့ ထုနှက်ပြီး ရိုက်သတ်နေတယ်ဆိုတာဟာ ရုပ်ရှင်တောင်မှမရိုက်သင့်ဘူး။ ပြည်သူလူထုရဲ့ထောက်ခံမှု များလွန်းအားကြီးတဲ့အပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းစွာဆောင်ရွက်နေတဲ့ နိုင်ငံရေးဇာတ်ခုံကို ချုပ်ငြိမ်းအောင်လို့ ဒီနေရာမှာ လာပြီးရိုက်သတ်တဲ့သဘောမျိုးပဲ။ အမှန်အတိုင်း အတိုချုပ်ပြောရရင်တော့ ဒါပဲ။ အဒေါ်တို့အနေနဲ့ကတော့ အာဏာပိုင်အဖွဲ့အစည်းကိုရော၊ အဒေါ်တို့ အကြီးအကဲများကိုရော တင်ပြချင်တာကတော့ ဒီအဖြစ်အပျက်မှာ တရားခံအစစ်တွေကို ဖော်ထုတ်ပေးဖို့နဲ့ သေစာရင်း၊ နာစာရင်း၊ ထောင်ကျတဲ့လူစာရင်းတွေကို အတိအလင်း ပြုစုဖို့လိုအပ်ကြောင်း တင်ပြချင်ပါတယ်။ အစသို့

## ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံထားရသူ ၃ ဦး ထပ်မံလွှတ်မြောက် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ဆက်လက်ချုပ်နှောင်ထားဆဲ

*၁၈ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးထားသူများထဲမှ ယခုလ ၁၆ ရက်နေ့တွင် ၂၆ ယောက်ပြန်လွှတ်ပေးပြီးသည့်နောက်ပိုင်း မနေ့က ၃ ယောက် ထပ်မံလွှတ်ပေးလိုက်ကြောင်း သိရသည်။

ကလေးမြို့ထောင်မှ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး ၎င်းတို့ ၃ ဦးမှာ မြင်းခြံလွှတ်တော် ကိုယ်စားလှယ် ဦးပေါခင်၊ မန္တလေး (အနောက်မြောက်) လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်နှင့် ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်တို့ ဖြစ်ကြသည်။ ၎င်းတို့နှင့်အတူ ဖမ်းဆီးခံနေရသူ အဖွဲ့ချုပ်ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို ကလေးမြို့ထောင်တွင် ဆက်လက် ချုပ်နှောင်ထားဆဲဖြစ်ကြောင်းနှင့် ကလေးမြို့ထောင်က လွှတ်တော် ကိုယ်စားလှယ် ၃ ဦး မနေ့က ပြန်လွှတ်လာခြင်းနှင့်ပတ်သက်၍ မန္တလေးတိုင်း အဖွဲ့ချုပ်ခေါင်းဆောင်တဦးက ယခုလို ပြောဆိုသည်။

"မန္တလေးကတော့ ဦးတင်အောင်အောင် တယောက်ပဲ။ မြင်းခြံ ဦးပေါခင်ကတော့ မြင်းခြံကို ပြန်သွားပြီ။ သူတို့ကို ကလေးမြို့ထောင်ကနေ လွှတ်ပေးလိုက်တာ။ ကလေးမြို့ထောင်မှာ ဦးတင်ဦးရယ်၊ ခင်ဦးက ဒေါက်တာဝင်းအောင်ရယ်၊ ဦးပေါခင်ရယ်၊ ဦးတင်အောင်အောင်ရယ် ၄ ယောက်ရှိ တယ်။ အဲဒီ ၄ ယောက်ထဲက ဦးတင်အောင်အောင်ကတော့ မန္တလေးကို ပြန်ရောက်ပြီ။ ဦးပေါခင်ကိုတော့ မြင်းခြံ ပြန်ပို့လိုက်တယ်။ ဒေါက်တာဝင်းအောင်ကတော့ ခင်ဦးမှာပဲ ရှိမယ်ထင်တယ်။ ဦးတင်ဦးကတော့ ကလေးမြို့ထောင်မှာပဲ ကျန်ခဲ့တယ်လို့ သူ့မိသားစုက ပြောပြတယ်" အစသို့

## မန္တလေး အရှေ့တောင် အဖွဲ့ချုပ်ဝင် ဒေါ်နှင်းပပနှင့်အတူ ဖမ်းဆီးခံရသူ စုစုပေါင်း ၁၀ ဦးရှိပြီဖြစ်ကြောင်း သိရ

*၁၈ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မန္တလေးတိုင်း၊ အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်ဝင် ဒေါ်နှင်းပပနှင့်အတူ ဒီဇင်ဘာလ ၂၂ ရက်နေ့က ဖမ်းဆီးခံရသူ စုစုပေါင်း ၁၀ ဦးရှိကြောင်း ယနေ့ သတင်းများ ထပ်မံရရှိသည်။

ဒေါ်နှင်းပပနှင့်အတူ တရက်တည်း ဖမ်းဆီးခံခဲ့ရသည့် အဖွဲ့ချုပ်ဝင် ၆ ဦးရှိကြောင်း အစောပိုင်းတွင် သတင်းများထွက်ပေါ်ခဲ့သော်လည်း နောက်ထပ် ၃ ဦးပါ ပါဝင်ကြောင်း မန္တလေးတိုင်းအဖွဲ့ချုပ်ဝင်တဦးက ဆက်လက်ပြောဆိုသည်။ ယခု ထပ်မံစာရင်းရရှိသည့် ၃ ဦးမှာ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ် အဖွဲ့ချုပ်ဝင် ဦးတင်ဦး၊ မန္တလေးမြို့မှ ကိုရဲမင်းထွန်းနှင့် ကျူရှင်ဆရာတဦးတို့ဖြစ်ကြသည်။ ၎င်းတို့ ၉ ဦးစလုံး တရက်ထဲ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ဒေါ်နှင်းပပ၏သား အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်လူငယ် ကိုအောင်နိုင်သူ ထပ်မံ ဖမ်းဆီးခံရခြင်းကြောင့် စုစုပေါင်း ၁၀ ဦး ဖြစ်ကြောင်း အဆိုပါ မန္တလေးတိုင်းအဖွဲ့ချုပ်ခေါင်းဆောင်တဦးက ဆက်လက် ပြောဆိုသည်။

"ဦးလှစိုး၊ ဦးမြင့်ဦး၊ အောင်အောင်၊ ဒေါ်နှင်းပပ၊ (သား) အောင်နိုင်သူ၊ ကိုဝင်းကြည်၊ (အရပ်သား) ဦးသန်းဝင်း၊ (သား) ကိုရဲမင်းထွန်း၊ ကျူရှင်ဆရာတယောက်လည်း ပါတယ်လို့ပြောတယ်။ အဲဒီ ကျူရှင်ဆရာက ဘုန်းကြီးကျောင်းမှာ နေတာ။ ရန်ကုန်၊ မြောက်ဥက္ကလာက ဦးတင်ဦးလည်း

ပါတယ်။ သူတို့ကို တခါတည်း ဖမ်းတဲ့သဘောရှိတယ်။ ၂၂ ရက်နေ့မှာ အဖမ်းခံရတာ။ နာရီပိုင်းလောက်ပဲ ကွာကြမှာ။ ကိုအောင်နိုင်သူကတော့ ၂၈ ရက်မှာ ဖမ်းသွားတာ” အစသို့

## ဦးတင်ဦးအား ရန်ကုန်သို့ ပြောင်းရွှေ့ပေးသင့် မန္တလေး အနောက်မြောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပြောဆို

*၁၉ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒီပဲယင်း လုပ်ကြံမှုအတွင်း ဖမ်းဆီးခံခဲ့ရပြီး ကလေးမြို့ အကျဉ်းထောင်မှ မနေ့က ပြန်လည်လွှတ်မြောက်လာသည့် မန္တလေး (အနောက်မြောက်) လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်ကို ဒီမိုကရက်တစ်မြန်မာ့အသံမှ ဆက်သွယ်မေးမြန်းခဲ့သည်။

မေး ။ ။ အကျဉ်းထောင်ထဲမှာ နေခဲ့ရတဲ့ ကာလအတွင်းမှာ တိုက်ချင်းကပ်လျက် နေခဲ့ရတာဆိုတော့ ဘဘဦးတင်ဦးနဲ့ စကားပြောခွင့်ရော ရခဲ့ပါသလား။

ဦးတင်အောင်အောင် ။ ။ ရပါတယ်။ လူချင်းတော့ မတွေ့ရပေမယ့် ဟိုဖက်ဒီဖက်တော့ ပြောလို့ရပါတယ်။ ICRC လာတုန်းကတော့ ICRC က ကျနော်တို့ ၄ ယောက်လုံးကို ဂိတ်မှာတော့ တွေ့ရပါတယ်။ ICRC နှစ်ကြိမ် လာတာကိုး။ ဇွန်လ ၂၅ ရက်နေ့ရယ်၊ နောက် ၃ လလောက်မှာ တခါရယ်။ အဲဒီ နှစ်ခါလောက်ပဲ ကျနော်တို့တွေ့ရပါတယ်။

မေး ။ ။ အဲဒီအခါမှာ ဘဘ ဦးတင်ဦးနဲ့ ထူးထူးခြားခြား ဘာများပြောဖြစ်ခဲ့ကြပါသလဲ။ လွတ်လွတ်လပ်လပ် ပြောခွင့်ရပါသလား။

ဦးတင်အောင်အောင် ။ ။ ရပါတယ်။ တယောက်နဲ့ တယောက်မြင်ရတော့ အသားအရေရော တွေ့ရတော့ စိတ်ချမ်းသာပါတယ်။

မေး ။ ။ ဘဘ ဦးတင်ဦး ဒီပဲယင်း အရေးအခင်းမှာ ဒဏ်ရာရ/မရဆိုတာရော ပြောပြလို့ ရမလား။

ဦးတင်အောင်အောင် ။ ။ မရပါဘူး။ ခြေထောက်လေးပဲ နည်းနည်းပွန်းတာလောက်ပါပဲ။

မေး ။ ။ ဘဘ ဦးတင်ဦးကို ရန်ကုန်ပြောင်းရွှေ့ထားသင့်တယ်ဆိုတာက ဘယ်လိုပုံစံမျိုးလဲ။ နေအိမ်မှာပဲ အကျယ်ချုပ်ထားသင့်တာလား။

ဦးတင်အောင်အောင် ။ ။ ဘယ်ပုံစံနဲ့ပဲ ဖြစ်ဖြစ်။ ဖြစ်တဲ့ပုံစံတိုင်းဟာ အကောင်းဆုံးပါပဲ။ အဲဒီမှာက ရာသီဥတုကလည်း ကောင်းတာကိုး။ မိသားစုနဲ့လည်း တွေ့နိုင်တာပေါ့။ ခုတော့ မိသားစုကလည်း ဝေးနေတော့ မလာနိုင်ဘူး။ ဒီလို ဆက်ပြီးချုပ်ထားဦးမယ်ဆိုရင်တော့ ရန်ကုန်ကို ရွှေ့ပြောင်း ပေးစေချင်တဲ့ဆန္ဒ ကျနော်တို့မှာ အပြည့်အဝရှိပါတယ်။ အစသို့

## အဖွဲ့ချုပ်ဝင်များ အချို့ဖမ်းဆီးခံနေရ၊ အချို့ ရှောင်တိမ်းနေရပြန်

*၁၉ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

နအဖ က ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခဲ့သူတချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း တချို့မှာ အကျဉ်းထောင်များတွင် ဆက်လက် ဖမ်းဆီးခံနေရဆဲဖြစ်သလို ဖမ်းဆီးခံရမည်ကို စိုးရိမ်ပြီး ရှောင်တိမ်းနေရသူများလည်းကြောင်း သိရှိရသည်။

ခင်ဦးမြို့နယ်အဖွဲ့ချုပ်လူငယ် တွဲဖက်တာဝန်ခံ ကိုမျိုးအောင်ကို ဒီပဲယင်းကိစ္စအပြီး ဇွန်လထဲတွင် ဖမ်းဆီးပြီး ထောင် ၂ နှစ် ချမှတ်ခဲ့သည်။ စွဲချက်တင်သည့်ပြစ်မှုမှာ ၎င်း၏နေအိမ်တွင် အမေရိကန်ဒေါ်လာ တဒေါ်လာတန်တရွက်တွေ့ရှိ၍ ဖြစ်သည်။ ထို့ပြင် ခင်ဦးမြို့နယ်အဖွဲ့ချုပ် စည်းရုံးရေး ကော်မတီဝင်များဖြစ်သည့် ဦးစိန်တင်နှင့် ဦးဝင်းသန်းတို့ကိုလည်း အာဏာပိုင်များက ပြီးခဲ့သည့် ဇူလိုင်လကတည်းက ဖမ်းဝရမ်းထုတ်ခဲ့ခြင်းကြောင့် ယခုထိ ထွက်ပြေးတိမ်းရှောင်နေကြရဆဲဖြစ်ကြောင်း ဒေသခံများက ပြောဆိုသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဒေသခံတဦးက ယခုလို ပြောဆိုသည်။

“မေ ၃၀ နောက်ပိုင်းမှာ ဆင့်ခေါ်တယ်။ ဆင့်ခေါ်တဲ့ အကြောင်းပြချက်ကတော့ သူ့အိမ်မှာ တဒေါ်လာ တွေ့ရတယ်”

အလယ်တန်းပြဆရာ ဦးစိန်တင်သည် လွန်ခဲ့သည့် ၅ နှစ်ခန့်က လယ်သမားများ တာဝန်ကျေစပါးမသွင်းနိုင်သည့်ကိစ္စနှင့်ပတ်သက်၍ အာဏာပိုင်တို့ထံ ရှင်းလင်းတင်ပြခဲ့ခြင်းကြောင့် တာဝန်ပြောင်းရွှေ့ခံခဲ့ရသူတဦးလည်း ဖြစ်သည်။ သို့သော် ဦးစိန်တင်သည် တာဝန် ဆက်လက်ထမ်းဆောင်ခြင်း မရှိတော့ဘဲ အလုပ်မှ အပြီးအပိုင် ထွက်ခဲ့သည်ဟု ဆိုသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်၏ နောက်ဆုံး စည်းရုံးရေးခရီးစဉ်အတွင်း တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ခြင်းကြောင့် အာဏာပိုင်တို့က ဖမ်း ဆီးရန်ကြိုးစားခဲ့ခြင်းဖြစ်ကြောင်းလည်း စုံစမ်းသိရှိရသည်။ အစသို့

## ကေအဲန်ယူ နှင့် နအဖ အပစ်အခတ်ရပ်စဲရေးစာချုပ် မချုပ်ဆိုမီ စစ်အကျဉ်းထောင်များရှိ KNU အကျဉ်းသားများကို အရင်လွှတ်ပေးရမည်

*၂၀ ၊ ဇန်နဝါရီ ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

KNU နှင့် နအဖတို့ အပစ်အခတ်ရပ်စဲရေးစာချုပ်များ မချုပ်ဆိုမီ နအဖအကျဉ်းထောင်များရှိ ကရင်နိုင်ငံရေးအကျဉ်းသားတို့ကို အရင်လွှတ်ပေးသင့်ကြောင်း လေ့လာသူတို့က ဝေဖန်ထောက်ပြနေသည်။

လောလောဆယ် နအဖ အကျဉ်းထောင်များထဲတွင် နှစ်ရှည်ထောင်ကျခံနေရသည့် KNU အဖွဲ့ဝင် ၁၀၀ ကျော် ရှိနေကြောင်း သိရသည်။ အချို့ဆိုလျှင် လွတ်ရက်စေ့သည်မှာ ၁၀ နှစ်ကျော်နေပြီဖြစ်သော်လည်း ပြန်လွှတ်မပေးဘဲ ထိန်းသိမ်းထားခြင်းဖြစ်သည်။ ထိုအကြောင်းကို နိုင်ငံရေးအကျဉ်းသားဖြစ်ခဲ့ဖူးသော KNU ဗဟိုကော်မတီဝင် မန်းငြိမ်းမောင်၊ နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ အတွင်းရေးမှူး ကိုတိတ်နိုင်နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ မြကြေးမုံတို့ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့သည်။

မမြကြေးမုံ ။ ။ ၈၃ မှာ သူတို့စပြီးကျခဲ့တာပါ။ အသံလွှင့်ရုံကိုပစ်တဲ့ မန်းငွေအောင်တို့ အမှုတွဲတွေပါ။ အများစုကတော့ ပဲခူးရိုးမမှာဖမ်းမိတဲ့ ကရင်သူပုန်တွေပါရှင်။ အပစ်အခတ်ရပ်စဲရေးဆွေးနွေးတယ်ဆိုတာ ပြေလည်ကောင်းမှလည်း ပြေလည်မယ်။ ပြေလည်သည်ဖြစ်စေ/ မပြေလည်သည်ဖြစ်စေ အမြန်ဆုံး လွှတ်ပေးသင့်ပါပြီ။

ပဒိုမန်းငြိမ်းမောင် ။ ။ KNU အကျဉ်းသားတွေကတော့ ၁၀၀ ကျော်ရှိတယ်။ သူတို့က အနှစ် ၂၀ ကျော်ခဲ့ကြပြီ။ သေဒဏ်ကျကြတဲ့ ရဲဘော်တွေဆိုရင်လည်း မဆလ ခေတ်၊ နအဖ ခေတ်ဆိုတော့ သူတို့ မင်းပြောင်းမင်းလွဲတွေ အဆက်ဆက်ပြောင်းခဲ့တာဆိုရင် ချမ်းသာခွင့်တွေပေးခဲ့တာ ရှိတယ်။ ကျွန်းကနေ ထက်ဝက်ပြန်ရတယ်။ လွတ်ဖို့ဆိုရင် ၁၀ နှစ်တောင် ကျော်နေပြီ။ ခုချိန်ထိ မလွှတ်သေးဘူး။

ကိုတိတ်နိုင် ။ ။ သူတို့ရဲ့ကျန်းမာရေး တော်တော်ကို စိုးရိမ်စရာရှိတယ်။ နှစ် ၂၀ လောက် နေလာခဲ့တဲ့အခါ အမှုတွဲတခုတည်းမှာကို ၄ ဦး ဆုံးသွားပြီဖြစ်တယ်။ ကိုသာခူး၊ ဘုံကန်ဒူး၊ စောထင်လင်း၊ (ဒီနှစ်ဆိုရင်) ဆာထူးစောပေ့ါ။ သူတို့ ၄ယောက်။

တဖန် သေဆုံးသွားကြသူများရှိသလို ကျန်းမာရေးချို့တဲ့နေသူ အများအပြားရှိနေသည်ကိုလည်း …

ကိုတိတ်နိုင် ။ ။ တချို့ဆို တော်တော်ကို ပိန်ချုံးပြီးတော့ လမ်း မလျှောက်နိုင်တော့ဘူး။ ဆေးရုံတင်ထားရတဲ့အနေအထားမျိုးတွေရှိတယ်။ ဆေးဝါးကုသတာနဲ့ပတ်သက်ပြီးတော့ အကျဉ်းထောင်တွေထဲမှာ အများကြီး မပေးနိုင်ဘူး။ တခြားနိုင်ငံရေးအကျဉ်းသားတွေက အပြင်က ထောင်ဝင်စာလာတယ်ဆိုရင်တော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး မှာလို့ရတာတွေရှိတယ်။ သူတို့တွေကျတော့ အများအားဖြင့် ထောင်ဝင်စာ မလာနိုင်ကြဘူး။ ၉၆ ခုနှစ်နဲ့ ၉၈ ခုနှစ်မှာဆိုရင် စောအယ်ဒွေးနဲ့ စောအယ်လှတို့ ထောင်ထဲမှာ သေဆုံးသွားတယ်။

ယခုလို အပစ်အခတ်ရပ်စဲကြရန် နှစ်ဖက်တွေ့ဆုံ စကားပြောဆိုနေချိန်၌ လွှတ်ပေးရန် အထူးလိုအပ်သည်ဟု မန်းငြိမ်းမောင်က ဆက်လက်ပြောဆိုသည်။

မန်းငြိမ်းမောင် ။ ။ နိုင်ငံတကာမှာလည်း ပဋိပက္ခဖြစ်တဲ့အင်အားစုတွေဟာ အပစ်အခတ်ရပ်စဲရေးတွေ လုပ်ကြတာ၊ နားလည်မှုတွေရှိကြတယ်ဆိုရင် ထိန်းထားတဲ့အကျဉ်းသားတွေကို ပြန်လွှတ်ပေးကြတာ ထုံးတမ်းအစဉ်အလာဖြစ်တယ်။ နိုင်ငံတကာ လူ့အဖွဲ့အစည်းရဲ့ယဉ်ကျေးမှုလည်းဖြစ်တဲ့အတွက် အကျဉ်းထောင်အသီးသီးမှာရှိတဲ့ ကျနော်တို့ KNU အကျဉ်းသားတွေကို လွှတ်ပေးမယ်လို့မျှော်လင့်ပါတယ်။

ကိုတိတ်နိုင် ။ ။ ကရင်အမျိုးသားတွေကို အကျဉ်းထောင်ထဲက လွှတ်ပေးဖို့ဆိုတာကတော့ အဓိကကျတဲ့အခန်းကဏ္ဍမှာ ပါလိမ့်မယ် ထင် တယ်။ KNU အနေနဲ့လည်း ဒါနဲ့ပတ်သက်ပြီးတော့ တောင်းဆိုလိမ့်မယ်လို့ မြင်ပါတယ်။

နအဖ အကျဉ်းထောင်တွင်းက ကရင်စစ်သားကြီးများထဲတွင် ၇၅ နှစ် ရှိနေပြီဖြစ်သည့် စောလောအယ်၊ စောဘင်ဆင် တို့လည်း ပါဝင်ပြီး မော်လမြိုင်၊ အင်းစိန်နှင့် သရက်ထောင်အသီးသီး၌ရှိနေကြသည်။ ယခုဆိုလျှင် ကရင်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးမြသည် နအဖ ဥက္ကဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနိုင်ကြသည်အထိ ပြေလည်နေကြပြီဖြစ်သော်လည်း KNU အကျဉ်းသား ၁၀၀ ကျော်မှာမူ စစ်အကျဉ်းထောင်အသီးသီး၌ ရှိနေဆဲဖြစ်ကြောင်း သိရှိရသည်။ အစသို့

## နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ရဟန်းသံဃာ ၁၀၀ ကျော် ရန်ကုန်မြို့၌ ဖမ်းဆီးခံခဲ့ရ

*၂၀ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ပြီးခဲ့သည့် နိုဝဘ်ာလနှင့် ဒီဇဘ်ာလ ၂ လအတွင်း ရန်ကုန်မြို့က စာသင်သား ရဟန်းသံဃာ ၁၀၀ ကျော် ဖမ်းဆီးခံခဲ့ရကြောင်း သတင်းရရှိသည်။ အဖမ်း ခံရသည့်သံဃာများမှာ (ရန်ကုန်) သရက်တောကျောင်းတိုက်၊ (ဗဟန်းမြို့နယ်) ညောင်တုန်းစာသင်တိုက်၊ (ရန်ကင်း) မိုးကောင်းတိုက်၊ အင်းစိန်၊ တာမွေ၊ သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ စာသင်တိုက်များနှင့် (စမ်းချောင်း)ဝေဠုဝန်စာသင်တိုက်က ရဟန်းသံဃာများဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်နှင့်မန္တလေးတို့၌ ဖြစ်ပွားခဲ့သည့် ဗုဒ္ဓဘာသာ–အစ္စလာမ်အဓိကရုဏ်းများအပြီး နအဖ ထုတ်ပြန်ထားသည့် ည မထွက်ရအမိန့်ကို လွန်ဆန်ခဲ့သောကြောင့် ယခုလို ဖမ်းဆီးခံခဲ့ရသည်ဟု သိရသည်။ နအဖ က ထိုအမိန့်ကို ရန်ကုန်နှင့် မန္တလေးတို့တွင် ပြီးခဲ့သည့် နိုဝဘ်ာလ ၂၀ ရက်နေ့ကတည်းကထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကတည်းက ယနေ့အထိ ပဲခူးတပ်မ ၇၇ မှ စစ်သားများက စာသင်တိုက်များအနီး မျက်ခြည်မပြတ်စောင့်ကြည့် ဖမ်းဆီးနေခြင်းဖြစ်ကြောင်း သရက်တောကျောင်းတိုက်မှ သံဃာတပါးက ဒီဗွီဘီကို ယခုလို မိန့်ကြားခဲ့သည်။

"သူတို့က ၇ နာရီကနေ မနက် ၄ နာရီအတွင်း မထွက်ရဘူးဆိုပြီး ကာဖျူးသဘောမျိုး ထုတ်ထားတာ။ အပြင်မှာ သွားတဲ့လာတဲ့ ကိုယ်တော်တွေကို ဖမ်းတာပေ့ါ။ ပြီးခဲ့တဲ့ လထဲလောက်ကပဲ။ ဗဟန်းမှာလည်း ဖမ်းတာပဲ။ သင်္ဃန်းကျွန်းမြို့နယ်မှာလည်း စာသင်တိုက်မှာနေတဲ့ ကိုယ်တော်တွေ အပါး ၃၀ လောက် အဖမ်းခံရတယ်ကြားတယ်။ ကြေးသွန်းဘုရားနားတဝိုက်မှာ လာတာကတော့ တပ်မ ၇၇ က ကောင်တွေ လာချ ထားတယ်။ ၇ နာရီလောက်ဆိုရင် လိုက်ဖမ်းတော့တာပဲ။ အပြင်မှာတွေ့တဲ့ကိုယ်တော်တွေဆို အကုန်ဖမ်းတော့တာ။ တကယ့်တကယ် ခံရတာကတော့ အစစ်အမှန် သံဃာတွေ ခံရတာပေ့ါ။ ဦးဇင်းငယ်လေးတွေ။ ဗဟန်းတဝိုက်မှာတော့ တလောလေးက ကြားလိုက်တာက ခါတော်မီကျောင်းက ကိုယ်တော်နှစ်ပါးလို့

ကြားတယ်။ ညောင်တုန်းကျောင်းတိုက်ထဲက ကိုယ်တော်တွေလည်း ပါသွားတယ်လို့ကြားတယ်။ သရက်တောကျောင်းတိုက်ကလည်း ကြားတော့ကြားတယ်။ နောက်နားက မြို့ပြင်ကြီး ကျောင်းက တပါး ပါတယ်လို့လည်း ကြားတယ်။ သန္တောဃောဆိုလား အဲဒီက တပါး ပါတယ် လို့လည်း ကြားတယ်”

ဖမ်းဆီးခံရသည့်သံဃာများကို ချက်ချင်း လူဝတ်လဲပစ်ပြီး အချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း အချို့သံဃာများကို အင်းစိန်ထောင်၌ ဆက်လက်ဖမ်းဆီးထားဆဲဖြစ်ကြောင်းလည်း ယခုလို ဆက်လက်မိန့်ကြားသည်။

“ဖမ်းပြီးတော့ သူတို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကို ခေါ်သွားတယ်။ အဲဒီကနေ ပဏာမ စစ်ဆေးပြီးတော့ ကျိုက္ကဆံစစ်ဆေးရေးစခန်းကို ပို့တယ်လို့ ပြောတယ်။ အဲဒီ စစ်ဆေးရေးစခန်းကနေ လူချွတ်၊ လူချွတ်ပြီးတော့ အင်းစိန်ကို ပို့တယ်လို့ကြားတာပဲ။ တချို့ကျတော့ လိုက်ရွေးကြတယ်လို့ ပြောတယ်။ တိုင်းသံဃာ့နာယက ထောက်ခံစာနဲ့ဆို ပြန်ထုတ်လို့ရတယ်လို့ပြောတာပဲ။ ပြန်ရွေးထားတဲ့ ကိုယ်တော်တွေကို လောလောဆယ် ပြန်ဝတ်တယ်လို့တော့ မကြားသေးဘူး။ လွှတ်ပြီးတော့လည်း ကိုယ့်အရပ်ဒေသကို ပြန်ကုန်ကြတာ များတယ်လေ။ အမှန်ကတော့ သူတို့ ဒီလောက်ကြီး မလုပ်သင့်ဘူး။ ပညာပေးသဘောမျိုးနဲ့ အပြင်ထွက်ရင်လည်း မထွက်သင့်တဲ့အကြောင်း၊ လှုံ့ဆော်ချက်ရည်ဆိုင်တွေ ထိုင်တယ်ဆိုရင်လည်း အကျိုးအကြောင်း ပြော ပြီးတော့ ကျောင်းပြန်လွှတ်သင့်တယ်လို့ထင်တာပဲ။ ဒီလို ဘာမှ မဟုတ်ပဲနဲ့၊ အစစ်အဆေး မရှိပဲနဲ့ ဆွဲလွဲပြီး ခေါ်သွားတယ်ဆိုတာကတော့ မကောင်းဘူး”

နအဖ က ကာဖျူးအမိန့်ကို ယခုချိန်ထိ မရုတ်သိမ်းသေးပဲ မန္တလေးနှင့်ကျောက်ဆည်ဘက်က အာဂန္တုသံဃာများကို လက်မခံရန်၊ စာသင်တိုက်များတွင် သံဃာအပါး ၁၀၀ ထက် ပိုမထားရန်လည်း ရန်ကုန်မြို့ပေါ်ရှိ စာသင်တိုက်အုပ် ဆရာတော်များကို အမိန့်ထုတ်ထားသည်ဟု သိရသည်။ သို့သော်လည်း ညောင်တုန်းတိုက်အပါအဝင် စာသင်တိုက်အများအပြားရှိ ဆရာတော်ကြီးများက ထိုအမိန့်ကို လက်မခံခဲ့သည့်အကြောင်းကိုလည်း သရက်တောကျောင်းတိုက်ရှိ သံဃာတော်က ဒီဗွီဘီကို မိန့်ကြားခဲ့သည်။ အစသို့

## ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရန် အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့မှ နအဖ ဝန်ကြီးချုပ်ထံ စာရေးတောင်းဆို

*၂၁ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန်အတွက် အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ယနေ့ စာရေးတောင်းဆိုလိုက်ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးအဖွဲ့၏စာထဲတွင် ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရေး၊ အကျဉ်းထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေးနှင့် အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်ခွင့်ရရေး စသည့် အဓိက အချက် ၃ ချက်ကို တောင်းဆိုထားကြောင်း ဗဟိုအမျိုးသမီးအဖွဲ့ဝင်တဦးက ဒီဗွီဘီကို ပြောဆိုသည်။ ထို့ပြင် မကြာခင်က ပြန်လွှတ်လာသည့် ဒီပဲယင်းမျက်မြင်သက်သေ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် မြန်မာတနိုင်ငံလုံးရှိ လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော်ကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေးနှင့် အထူးသဖြင့် ကလေးမြို့ထောင်တွင် ဖမ်းဆီးခံထားရသည့် အဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရေးကိစ္စ၊ ဗိုလ်ချုပ်ခင်ညွန့်ထံ တိုက်ရိုက်စာရေးတောင်းဆိုရန် ပြင်ဆင်နေကြောင်းလည်း သိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သင်္ဂန်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကို ဆက်သွယ်မေးမြန်းရာ ….

“အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဗိုလ်ချုပ်ကြီးစောဘိုမြရဲ့ မွေးနေ့ကို လက်ရှိအာဏာပိုင်တွေက ကျင်းပဆောင်ရွက်ပေးခဲ့တယ် ဆိုတဲ့ သတင်းတွေ ကြားရတဲ့အခါမှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒီလိုလုပ်ဆောင်မှုတွေကို ကျနော်တို့က ကြိုဆိုပါတယ်။ ဒါပေမယ့် တချိန်တည်းမှာ ကျနော်တို့ခံစားရတာက ကလေးမြို့ အကျဉ်းထောင်မှာ ဒီကနေ့ထိ အဖမ်းခံနေရတဲ့ ကျနော်တို့ အဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦး (အသက် ၇၇- ၇၈) ဟာ ခုလိုအချိန်မျိုးမှာ ကလေးမြို့အကျဉ်းထောင်မှာ မရှိသင့်တော့ဘူး။ ကျနော်တို့ရဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲမှာ ခေါင်းဆောင်ခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ဆိုတာလည်း ရွေးကောက်ပွဲအနိုင်ရထားတဲ့၊ တိုင်းပြည်က အသိအမှတ်ပြုထားတဲ့ အနိုင်ရပါတီရဲ့ ခေါင်းဆောင်၊ ဗမာပြည်ဒီမိုကရေစီအရေးရဲ့ သင်္ကေတအဖြစ် ပြည်တွင်း/ပြည်ပက အသိအမှတ်ပြုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ အကျယ်ချုပ်ပဲ ဖြစ်ဖြစ်၊ အကျဉ်းချုပ်ပဲ ဖြစ်ဖြစ်ဘယ်နည်းနဲ့မှ အခုချိန်မျိုးမှာ မနေသင့်တော့ပါဘူးဆိုတာ တိုင်းပြည်ကို လည်း တင်ပြမေတ္တာရပ်ခံသလို၊ လက်ရှိအာဏာပိုင်များကိုလည်း ဒီ ခေါင်းဆောင်တွေ လွှတ်ပေးဖို့အတွက် အနူးအညွတ် မေတ္တာရပ်ခံပါတယ်”

ထပ်မံရရှိသည့်သတင်းများအရ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ၅ ဦးကလည်း ပြန်လည်လွတ်မြောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်းအသီးသီးရှိ အဖွဲ့ချုပ်ခေါင်းဆောင်များ၊ အဖွဲ့ချုပ် ဥပဒေအထောက်ကူပြုအဖွဲ့ဝင် ရှေ့နေကြီးများနှင့်တွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ထိပ်တန်းခေါင်းဆောင်များ ပြန်လည်လွတ်မြောက်ရေးကိစ္စ၊ ပြင်ဆင်သင့်သည့် အမျိုးသားညီလာခံအခြေခံမူ ၁၀၄ ချက်ကိစ္စများနှင့် ဒီပဲယင်း အကြမ်းဖက်မှု အမှုမှန်ပေါ်ပေါက်ရေးကိစ္စများကို ယခုရက်ပိုင်းအတွင်း ဆက်တိုက်ဆိုသလို ညှိနှိုင်းဆွေးနွေးနေကြောင်းလည်း သိရသည်။ အစသို့

## အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ သူရဦးတင်ဦးကို ချက်ချင်းလွှတ်ပေးရန် သားဖြစ်သူက တောင်းဆို

*၂၂ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်းတိုက်ခိုက်မှုအတွင်း ဖမ်းဆီးခဲ့ပြီး ကလေးမြို့ထောင်၌ ချုပ်နှောင်ထားသည့် အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးကို ချက်ချင်း ပြန်လွှတ်ပေးရန် သားဖြစ်သူ ကိုသန့်ဇင်ဦးက ယနေ့တောင်းဆိုလိုက်သည်။

ဦးတင်ဦးသည် အသက် ၈၀ နီးပါးအရွယ်ရှိပြီဖြစ်၍ ယခုလိုဆောင်းရာသီ၌ ရာသီဥတုဆိုးရွားလှသည့် ကလေးမြို့ထောင်အတွင်း မထားသင့်တော့ကြောင်း ကိုသန့်ဇင်ဦးက ပြောဆိုသည်။ အာဏာပိုင်တို့ဘက်က အမြန်ဆုံး မိသားစုနှင့်ပြန်ထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးသင့်ကြောင်းလည်း ကိုသန့်ဇင်ဦးက ယခုလိုတောင်းဆိုထားသည်။

"၇၈ နှစ်ထဲမှာပါ။ တော်တော်အသက်ကြီးတဲ့အပိုင်းမှာ ရောက်နေပါပြီ။ ကျနော့်အနေနဲ့ တောင်းဆိုချင်တာကတော့ ရာသီဥတုကြမ်းတမ်းတဲ့ နေရာမှာ ထားဖို့က အလွန်ပဲ မသင့်လျော်ဘူးလို့ ယူဆတယ်။ စိုးရိမ်တာ နှစ်မျိုးပေါ့။ ကိုယ့်မိဘအတွက် စိုးရိမ်တာမျိုးရှိသလို တိုင်းပြည်မှာ စနစ်တခု ပြောင်းလဲဖို့အတွက် စွမ်းစွမ်းတမံလုပ်နေတဲ့ ခေါင်းဆောင်တယောက်အနေနဲ့ စိုးရိမ်ပူပန်မှုတွေလည်းရှိပါတယ်။ မိသားစုနဲ့ ပြန်လည်ဆုံဆည်းစေချင်ပါတယ်။ ခြွင်းချက်မရှိ ပြန်လည်လွှတ်လာပြီးတော့ လိုအပ်တဲ့ စနစ်တခုပြောင်းလဲဖို့ရာအတွက် ငြိမ်းချမ်းစွာဆောင်ရွက်သွားနိုင်မယ်ဆိုရင် အကောင်းဆုံးလို့ ယူဆပါတယ်"

မြန်မာတနိုင်ငံလုံးရှိ လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော်ကလည်း ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အဖွဲ့ချုပ်ခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ စာရေးတောင်းဆိုမည်ဟုသိရသည်။ အထူးသဖြင့် အသက်အရွယ်ကို ထောက်ထား၍ဖြစ်စေ၊ တချိန်က တပ်မတော်အတွက် စွမ်းဆောင်ခဲ့ခြင်းများကို ငဲ့ကွက်ပြီးဖြစ်စေ ဦးတင်ဦးကို ချက်ချင်းပြန်လွှတ်ပေးသင့်ကြောင်း သင်္ဃန်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကလည်း ယခုလိုတောင်းဆိုသွားသည်။

"ဦးတင်ဦးဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ပါဘူး။ သူ့သမိုင်းကိုပြန်ကြည့်ရင် ၁၃၀၀ ပြည့်အရေးတော်ပုံမှာ ကျောင်းသားအဖြစ် ပါဝင်ခဲ့ပါတယ်။ ၁၉၄၂ ကနေ ၄၈ ခုနှစ်ထိ ဗမာပြည်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွေမှာ အာရှလူငယ်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့တယ်။ ဗမာ့ တပ်မတော်မှာ ကင်းတပ်မှာ တပ်သားလေးအဖြစ် ပါဝင်ခဲ့ပါတယ်။ အဲဒီ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲတွေမှာ ပါဝင်ခဲ့တဲ့အတွက် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ကို ချီးမြှင့်ခံခဲ့ရတယ်။ ၁၉၈၄ ခုနှစ်မှာ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်ကို ပေးအပ်ခြင်းခံရပါတယ်။ သူ့မွေးနေ့သက္ကရာဇ်အရ လာမယ့် မတ်လ ၁၂ ရက်နေ့ဆိုရင် ၇၈ နှစ်ထဲ ဝင်တော့မယ့် ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ တပ်မတော်မှာ သူရဘွဲ့ ရတဲ့အထိ ပြောင်ပြောင်မြောက်မြောက် တိုက်ခဲ့ရတဲ့ဒဏ်ရာတွေကြောင့် သူ ခံစားနေရတဲ့ဝေဒနာကိုကြည့်ပြီးတော့၊ သူ့ရဲ့ နိုင်ငံရေးအစဉ်အလာ တပ်မတော်အစဉ်အလာကို ကြည့်ပြီးတော့ ဒီနေ့ ဒီအချိန်မှာ ဦးတင်ဦးဟာ ဘယ်အကျဉ်းထောင်မှာမှ မရှိသင့်တော့ပဲ မိသားစုနဲ့အတူ အိမ်မှာပြန်ရှိပြီး တိုင်းပြည်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ တခန်းတကဏ္ဍက ပါဝင်သင့်တဲ့ နိုင်ငံ့ခေါင်းဆောင်အဖြစ်သာ ရှိသင့်တယ်လို့ ကျနော်တို့ယူဆပါတယ်" အစသို့

## AIDS ပညာပေး လက်ကမ်းစာစောင်ကိစ္စ အကြောင်းပြ အဖွဲ့ချုပ် အထက်ဗမာပြည်လူငယ်ဖွဲ့စည်းရေးတာဝန်ခံ ဖမ်းဆီးခံရပြန်

*၂၂ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ပြီးခဲ့သည့်လ အစောပိုင်းက ခန္တီးထောင်မှ ပြန်လည်လွတ်မြောက်လာသော အဖွဲ့ချုပ်အထက်ဗမာပြည်လူငယ်ဖွဲ့စည်းရေးတာဝန်ခံ ကိုမြင့်ငွေကို စစ်ထောက်လှမ်းရေးက ပြန်လည်ဖမ်းဆီးသွားကြောင်းသတင်းရရှိသည်။

ကိုမြင့်ငွေသည် ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင်တဦးလည်းဖြစ်သောကြောင့် မနေ့က ၉ နာရီခန့် မြို့နယ်အဖွဲ့ချုပ်ဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး အပြန် လမ်းခုလတ်၌ စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မည်သည့်အတွက်ကြောင့် ကိုမြင့်ငွေဖမ်းဆီးခံရသည်ကိုမူ ရေနံချောင်းမြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်က ယခုလိုပြောဆိုသည်။

" ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ည ၁၀ နာရီလောက်မှာ ရဲကနေ ကိုမြင့်ငွေကို ဖမ်းသွားတယ်။ AIDS အန္တရာယ် လက်ကမ်းကြော်ငြာနဲ့ပတ်သက်ပြီး မေးစရာရှိလို့ပါဆိုပြီး ခေါ်သွားတယ်။ ည ၉ နာရီခွဲလောက်မှာ ကိုမြင့်ငွေနဲ့ ကျနော်နဲ့က AIDS အန္တရာယ်ကိစ္စအတွက် စကားပြောဆွေးနွေး တိုင်ပင်ပြီးတော့ လမ်းခွဲသွားတာပဲ။ မနက် ၇ နာရီခွဲလောက်မှာ ကိုမြင့်ငွေအိမ်သွားတော့ ကိုမြင့်ငွေရဲ့သားလေးက 'ညတုန်းက အဖေ့ကို ရဲက လာခေါ်သွားတယ်' တဲ့။ ဘာလို့ခေါ်သွားလဲလို့ မေးကြည့်တော့ AIDS လက်ကမ်းကြော်ငြာနဲ့ပတ်သက်ပြီး မေးစရာရှိတယ်ဆိုပြီးခေါ်သွားတယ်လို့သိရတယ်ဗျ။ ဒါနဲ့ ကျနော်က ရဲစခန်းကို လိုက်သွားတယ်။ (၅) ၁၊ ၈၊ ဆ နဲ့အရေးယူခံရတယ်လို့သိရတယ်။ ခြေချုပ်ပုဒ်မလို့ ပြောတယ်"

ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင်များသည် AIDS ရောဂါကာကွယ်ရေး လက်ကမ်းစာစောင်များကို ဒီပဲယင်းအဖြစ်အပျက် မတိုင်မီကတည်းက ပြည်သူကို ဖြန့်ဝေခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင်လည်း AIDS ရောဂါ ရန်ပုံငွေရှာဖွေပွဲများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ ဤသည်မှာအဖွဲ့ချုပ်ဝင်များအနေဖြင့် လူမှုရေးတာဝန်တရပ်ကို ထမ်းဆောင်နေခြင်းဖြစ်၍ အပြစ်မရှိကြောင်းလည်း ဦးမောင်မောင်က ယခုလို ဆက်လက်ပြောပြခဲ့သည်။

"မီးဘေးကာကွယ်ရေးနဲ့ပတ်သက်ပြီးတော့ မီးသတ်တပ်ဖွဲ့က တအိမ်တက်ဆင်း မီးချိတ်၊ မီးကပ် စစ်တာပေါ့ဗျာ။ စစ်ရင်းနဲ့ ဒီ စာစောင်တွေ့တယ်တဲ့။ တွေ့တဲ့သူက ရယက အဖွဲ့ဝင် ကိုသန်းဇော်တဲ့။ သူက ကြံ့ဖွံ့အဖွဲ့ဝင်လည်း ဖြစ်တယ်ဗျာ။ သူတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

တံဆိပ်ပါတဲ့အတွက် အထက်ကိုတင်ပြတယ်။ အထက်ရဲ့ ညွှန်ကြားချက်အရ အရေးယူရတယ်လို့ပြောတယ်။ နိုင်ငံရေးဆိုတာ သိပ္ပံနည်းကျတဲ့ လူမှုဆက်ဆံရေးပညာပဲ။ ဒီကိစ္စကလည်း လူမှုရေးတွေပဲ။ နအဖ နိုင်ငံရေး ဦးတည်ချက် ၄ ရပ်ထဲမှာ 'နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရား ဥပဒေစိုးမိုးရေး' တဲ့။ ဒီ လက်ကမ်းကြော်ငြာမှာ အဖွဲ့ချုပ်တံဆိပ်ပါတယ် ထားဦးတော့ ဒီဥပဒေတရပ်ကို ဘာမှ ထိခိုက်တာမရှိဘူးဗျ။ နောက်ပြီး နအဖ လူမှုရေးဦးတည်ချက် ၄ ရပ်ထဲမှာ 'တမျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေး' တဲ့။ ဒါကို ကျနော်တို့က အထောက်အကူတောင် ပြုတဲ့ကိစ္စဗျ။ ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ကလည်း ဒါကို အမျိုးသားရေးတာဝန်တရပ်အနေနဲ့ ဆောင်ရွက်ရမယ်လို့ ယုံကြည်တဲ့အတွက် လုပ်ရတာပဲဗျ။"

ကိုမြင့်ဌေးကို လောလောဆယ် ယမန် ၂ ပတ်နှင့် ရေနံချောင်းရဲစခန်း၌ ချုပ်နှောင်ထားပြီး ၎င်း လွတ်မြောက်ရေးအတွက် ခရိုင်အဆင့်၊ တိုင်းအဆင့်အာဏာပိုင်များနှင့်တွေ့ဆုံဆွေးနွေးသွားမည့်အကြောင်းကိုလည်း မြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူးဦးမောင်မောင်က ပြောဆိုခဲ့သည်။ အစသို့

## မအူပင်မြို့နယ်အတွင်း လယ်သမား ၁၀၀ ကျော် ဖမ်းဆီးခံရ

*၂၂ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်အတွင်း၌ လယ်သမားကြီး ၅ ဦး ဖမ်းဆီးခံနေရကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်းရှိ လယ်သမား ၁၀၀ ကျော်ကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက နယ်မြေခံအာဏာပိုင်တို့ကဆင့်ခေါ်ပြီး နွေစပါးစိုက်ပျိုးပေးရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ တဦးလျှင် ၃ ဧကနှုန်း စိုက်ပျိုးပေးရန်နှင့် စိုက်ပျိုး မပေးပါက လယ်မြေများကို သိမ်းယူမည်ဟုလည်း အာဏာပိုင်တို့က လယ်သမားများကို ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု ဆိုသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး လက်ခုပ်ပင်ကျေးရွာက လယ်သမား ၅ ဦးက နွေစပါးစိုက်ပျိုးမှု ကုန်ကျစရိတ်တွင် အစိုးရဈေးနှုန်းနှင့် အမှန်တကယ်ကုန်ကျသည့်ဈေးနှုန်း အလွန် ကွာခြားနေသောကြောင့် လယ်သမားများအတွက် အခက်အခဲရှိကြောင်းတင်ပြခဲ့သည်ဟု ဒေသခံတို့ကပြောဆိုသည်။ ထို့နောက် ၎င်းတို့ကို မအူပင်မြို့နယ် မယက ရုံးကခေါ်ဆောင်သွားပြီး အခုချိန်ထိ သတင်းတစုံတရာ စုံစမ်းမရပဲ ပျောက်ဆုံးနေတာဖြစ်ကြောင်းလည်း ရှိုးမသတင်း၌ ရေးသားထားသည်။ အစသို့

## ဒီပဲယင်းကိစ္စဖမ်းဆီးထားသူများထဲမှ ၁၅၁ ဦး ပြန်လွှတ်ပေးခဲ့ဟု နအဖ ပြောဆို
## ဒုတိယ ဥက္ကဋ္ဌ သူရဦးတင်ဦးကို လွှတ်ပေးရန် အဖွဲ့ချုပ်မှ စာရေးတောင်းဆို

*၂၃ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရသူ ၁၅၁ ဦးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း နအဖ က ယနေ့ သတင်းထုတ်ပြန်လိုက်သည်။ ပြီးခဲ့ သည့် သီတင်းပတ်က ပြန်လွှတ်ပေးခဲ့သူ ၂၆ ဦးအပါအဝင် စုစုပေါင်း ပြန်လွှတ်ပေးသူ ၁၅၁ ဦးတိတိရှိပြီဟု ယနေ့ထုတ်ပြန်သည့် နအဖ ကြေညာချက်၌ ဖော်ပြထားသည်။

သို့သော်လည်း အခြားသူများ မည်သည့်အကျဉ်းထောင်တို့တွင် ဆက်လက်ကျန်ရှိနေသေးကြောင်းကိုမူ နအဖ က ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရသည့် အဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦး ကလေးမြို့ထောင်၌ ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများက နေ့စဉ် ဂရုတစိုက်စစ်ဆေးကုသပေးနေကြောင်း ဖော်ပြထားသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်ခေါင်းဆောင်များကို မေးမြန်းရာတွင် ၎င်းတို့အနေဖြင့် စာရင်းပြုစုထားခြင်း မရှိသေးသောကြောင့် သေဆုံး/ပျောက်ဆုံးစာရင်း အသေးစိတ်ရရှိရန် မလွယ်ကူသေးဟု အဖွဲ့ချုပ် ခေါင်းဆောင်တဦးဖြစ်သူ သခင်စိုးမြင့်က ပြောဆိုသည်။ ထို့ပြင် ၎င်းကိစ္စကို လွတ်လပ် စွာ စုံစမ်းပေးရန်လည်း အဖွဲ့ချုပ်က ထပ်မံတောင်းဆိုလိုက်သည်။

တဖန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအပါအဝင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ဦးလွင်တို့ ပြန်လည်လွတ်မြောက်လာမည့် အခြေအနေကို ဆက်လက်မေးမြန်းရာ၌ သခင်စိုးမြင့်က ယခုလိုရှင်းပြခဲ့သည်။

"ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ ဦးလွင်၊ ဦးတင်ဦးတို့ လွတ်လာတဲ့အခါကျရင် ဗဟိုအလုပ်အမှုဆောင် စုံညီအစည်းအဝေးထိုင်တဲ့အခါ ပြည့်ပြည့်စုံစုံနဲ့ဆွေးနွေးနိုင်အောင် ပြင်ဆင်ပေးနေတဲ့ အနေအထားပဲ။ ICRC ကိုလည်း ဘာဘတို့က မေးတယ်။ ICRC က လည်း သက်ဆိုင်ရာအာဏာပိုင်ကို မေးတယ်နဲ့တူပါတယ်။ ဦးတင်ဦးက အစာစားနေတယ်။ ကျန်းမာရေးကောင်းတယ်။ ဆရာဝန်တွေနဲ့ ကုသမှု အမြဲတမ်းပေးနေတယ်။ ဘာဘတို့က တော့ လွှတ်ပေးတာ ပိုကြိုက်တယ်။ ဦးတင်ဦး အဲဒီအခြေအနေမျိုးသတင်းကြားနေတဲ့ကိစ္စကို ထောင်ကပေးတဲ့အစာကို လက်မခံဘူးလို့ ကြားနေတော့ ဘာဘတို့က ဝန်ကြီးချုပ်ဆီကို စာပို့ပြီးတော့ ဦးတင်ဦးဟာ ကာကွယ်ရေးဦးစီးချုပ်၊တပ်မတော်သားကြီးဟောင်းလည်းဖြစ်တယ်။ ဒါကိုလည်းထောက်ထားပါ။ နောက်တခုကလည်း အဖွဲ့ချုပ်ရဲ့ တာဝန်ရှိတဲ့ ပြည်သူအတွက် လုပ်နေတဲ့ ခေါင်းဆောင်တယောက်လည်းဖြစ်တယ်။ ဒါကြောင့် လွှတ်ပေးပါဆိုပြီး ဒီနေ့ စာပို့လိုက်တယ်"

အဖွဲ့ချုပ်ခေါင်းဆောင်များသည် ပါတီလုပ်ငန်းတို့ကို နေ့စဉ် စီမံခန့်ခွဲနေပြီး ပြည်ထောင်စုနေ့ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်း ပါတီဝင်များနှင့် ယနေ့ ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။ ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ပတ်သက်၍လည်း သခင်စိုးမြင့်က ယခုလို ဆက်လက်ပြောဆိုသည်။

"ပြည်ထောင်စုနေ့အတွက် ဒီကနေ့ အစည်းအဝေးထိုင်တယ်။ အခမ်းအနားလုပ်တယ်ဆိုရင် သံတမန်တွေ၊ သတင်းထောက်တွေ၊ လူမျိုးစုကိုယ်စားလှယ်တွေ၊ အဖွဲ့ဝင်တွေနဲ့ စုံစုံညီညီလုပ်ရတာ။ အဲလို လုပ်ဖို့အတွက် နေရာမရှိဘူး။ ဘုန်းကြီးကျောင်းသွားလုပ်တယ်ဆိုရင်လည်း အတော်လေး ခဲရာခဲဆစ်ရှိနေတယ်။ နေရာမရှိလို့ ဘုန်းကြီးကျောင်းလုပ်နေရတော့ ဘုန်းကြီးကျောင်း နိုင်ငံရေးလုပ်တယ်ဆိုပြီးတော့ အပြောခံရသေးတယ်။ အခြေအနေက မပေးသေးတော့ အခမ်းအနား မလုပ်နိုင်ဘူး။ ခါတိုင်းက ပြည်ထောင်စုနေ့လုပ်ရင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနဲ့ လုပ်တာများတယ်။ အခုပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှာ လူကြီး ၄ ယောက် မရှိဘူး။ တခြားပုဂ္ဂိုလ်တွေကလည်း ခရီးသွားတာရှိနေတယ်။ နေရာလည်း မရှိတော့ အခမ်းအနားလုပ်ဖို့မလွယ်ဘူး။ ဘုန်းကြီးကျောင်းမှာလုပ်ဖို့ဆိုတာကလည်း ပြည်ထောင်စုနေ့က လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံပါတဲ့ပွဲမျိုးလေ။ အဲတော့ ဘုန်းကြီးကျောင်းမှာလုပ်ဖို့က အတော်လေး ခဲရာခဲဆစ်ရှိနေတယ်။ အပြောအဆိုခံရမယ့်သဘော ရှိနေတယ်။ ပြည်ထောင်စုနေ့ နဲ့ဆိုင်တဲ့ကြေညာချက်တော့ ထုတ်နိုင်လိမ့်မယ်လို့ ယူဆတယ်" အစသို့

## အဖွဲ့ချုပ် ဒုတိယဥက္ကဌ ဦးတင်ဦး ထောင်တွင်း၌ အစာငတ်ခံဆန္ဒပြ၊ အမြန်ဆုံးပြန်လွှတ်ပေးရန် အဖွဲ့အစည်းအသီးသီးက တောင်းဆို

*၂၄ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရသည့် အဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦး ယခုလ ၁၈ ရက်နေ့က စပြီး ကလေးမြို့ထောင်အတွင်း အစာငတ်ခံ ဆန္ဒပြနေကြောင်း သတင်းရရှိသည်။

ဦးတင်ဦးသည် ယခုလို ဆောင်းရာသီ၌ ရာသီဥတုအေးလွန်းသောကြောင့် ဒဏ်ရာဟောင်းများ ကိုက်ခဲနာကျင်သည့်ဝေဒနာ ခံစားနေရကြောင်း သိရသည်။ ထို့ပြင် ထောင်တွင်းပေးတဲ့ အစားအစာများက အစာအိမ်ရောဂါကို ပိုဆိုးစေသောကြောင့် ယခုလ ၁၈ ရက်နေ့က စပြီး အစားအစာအားလုံးကို လုံး ဝ လက်မခံတော့ဟုသိရသည်။ ထိုအကြောင်းကို ကလေးထောင်နှင့်နီးစပ်သည့် ဒေသခံတဦးက ဒီဗွီဘီကို ယခုလိုပြောပြသည်။

" ပြီးခဲ့တဲ့(၁၈)ရက်နေ့လောက်ကစပြီး Hunger strike လုပ်တယ်ဆိုတဲ့အကြောင်းကို ကျနော်တို့ဆီ (တော်တော်လေး လျှို့လာမှ) ရောက်လာတယ်။ အစာတွေသွင်းတာကို လက်မခံတော့တာ။ အဲတော့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကလူတွေ ရောက်လာတာပဲ။ ဘာတွေ ဆက်ညှိနှိုင်းနေတယ်၊ ဘာတွေ ဆက်ဖြစ်နေတယ်ဆိုတာ ကျနော်တို့လည်း မခန့်မှန်းတတ်ဘူး။ အဲဒါတော့ သေချာ မသိရဘူး။ ထောင်ထဲမှာရှိနေတဲ့ လူတွေအတွက်က တော်တော်ကို ဆင်းရဲပါတယ်ဗျာ။ ဘာကြောင့်လဲဆိုရင် တားမြစ်ချက်တွေက စောင်အလုံအလောက် မပေးတာတို့၊ အနွေးထည် အလုံအလောက်မပေးတာတို့ အဲလိုမျိုးတွေ အများကြီးပဲ။ ရာသီဥတုကတော့ အအေးနည်းနည်းပေ့ါသွားတာ ၃ ရက်လောက်ပဲရှိသေးတယ်။ အဲဒီအရင်က တောက်လျှောက် တအားအေးတယ်။ ကျနော်တို့သာမန်လူတွေတောင်မှ အနွေးထည် သုံးလေးထပ်လောက်ဝတ်ပြီးမှ နေရတာ။ ညပိုင်းမှာ တအားအေးပြီး နေ့ကျရင် တော်တော်ပူတယ်"

ထပ်မံရရှိသည့်သတင်းများအရ ယခုလို အစာငတ်ခံဆန္ဒပြမှုမျိုးကို ဦးတင်ဦးက ၆ ရက်တကြိမ် ဆက်တိုက်ပြုလုပ်သွားရန် ဆုံးဖြတ်ထားသည်ဟုလည်းသိရသည်။ ဦးတင်ဦး၏သား ကိုသန့်ဇင်ဦး က ၎င်း၏ဖခင်၌ သွေးတိုး၊ နှလုံးနှင့် သွေးကြောထုံးရောဂါများရှိနေသောကြောင့် မကြာခဏဆိုသလို ခေါင်းကိုက်ခြင်းနှင့် လေဖြတ်ချင်သလိုပုံစံမျိုး ဖြစ်တတ်သည်ဟုလည်း ပြောဆိုသည်။ ထို့ကြောင့် သားတဦးအနေဖြင့်ရော၊ မြန်မာပြည်သူတဦးအနေဖြင့်ပါ ဦးတင်ဦးအတွက် စိတ်ထိခိုက်ခံစားရကြောင်း ပြောဆိုသည်။ အာဏာပိုင်များအနေဖြင့် ဦးတင်ဦးကို မိသားစုနှင့် အမြန်ဆုံးပြန်ထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးသင့်ကြောင်း ကိုသန့်ဇင်ဦးက ယခုလိုတိုက်တွန်းထားသည်။

"ကျနော့်အနေနဲ့တောင်းဆိုချင်တာကတော့ ဒီလိုရာသီဥတုကြမ်းတမ်းတဲ့နေရာမှာတော့ ထားဖို့မသင့်လျော်ဘူးလို့ ယူဆတယ်။ မိသားစုနဲ့ အမြန်ဆုံး ပြန်လည်ဆုံဆည်းစေချင်ပါတယ်။ အကျယ်ချုပ်ရယ်လို့ မဟုတ်ဘဲနဲ့ လွတ်လွတ်လပ်လပ် ခြွင်းချက်မရှိ ပြန်လွှတ်လာပြီးတော့ လိုအပ်တဲ့ စနစ် တခု ပြောင်းလဲဖို့ရန်အတွက် ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်သွားနိုင်မယ်ဆိုရင်တော့ အကောင်းဆုံးလို့ ကျနော်ယူဆပါတယ်"

အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် မြန်မာတနိုင်ငံလုံးရှိ အဖွဲ့ချုပ်ဝင်များကလည်း ယခုလိုအခြေအနေမျိုး၌ ဦးတင်ဦးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ် ပေးသင့်ကြောင်း တောင်းဆိုထားကြသည်။

သခင်စိုးမြင့် ။ ။ ထောင်ကနေပေးတဲ့ အစာလက်မခံဘူးလို့ ကြားနေရတော့ ဘာဘတို့ကတော့ လွှတ်ပေးတာ ပိုကြိုက်တယ်။ ဝန်ကြီးချုပ်ဆီကို စာပို့ပြီးတော့ ဦးတင်ဦးဟာ ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ တပ်မတော်သားဟောင်းကြီးဖြစ်တယ်။ ဒါကိုလည်း ထောက်ထားပါ။ နောက်တခုကလည်း အဖွဲ့ချုပ်ရဲ့ တာဝန်ရှိတဲ့ ပြည်သူအတွက်လုပ်နေတဲ့ ခေါင်းဆောင်တယောက်လည်းဖြစ်တယ်။ ဒါကြောင့် လွှတ်ပေးပါ ဆိုပြီး တောင်းဆိုချက်နဲ့ စာပို့လိုက် တယ်။

ဦးညွှန့်ဝေ ။ ။ ဦးတင်ဦးက ပထမအဆင့်အနေနဲ့ ကလေးထောင်ကနေပြီးတော့ ပိုပြီးနွေးတဲ့ နေရာကို ပို့ဖို့လိုပါတယ်။ အေးလွန်းတယ်။ ဒဏ်ရာတွေနဲ့။ အသက်ကလည်း နည်းနည်းနောနော မဟုတ်ဘူး။ ခိုက်ခိုက်တုန်ပြီး အော်နေရတဲ့အခြေအနေမှာ ရှိပါတယ်။ နွေးတဲ့မြို့နယ်ကို ပြောင်းဖို့လိုပါတယ်။

ဒေါ်စန္ဒာဝင်း ။ ။ ဒီနေ့ဆိုရင် ဒီပဲယင်းအရေးအခင်းဖြစ်ခဲ့တာ ၈ လပြည့်ဖို့ ၆ ရက်ပဲ လိုပါတော့တယ်။ အဲဒီအချိန်ထိအောင် အန်ကယ်ဦးတင်ဦးကို မစာမနာထားတယ်လို့ပဲ ပြောရမှာပဲ။ အသက်အရွယ်ကလည်း ကြီးတဲ့အပြင် ရာသီဥတုအခြေအနေဟာ အလယ်ပိုင်းမှာတောင်မှ ဒီလောက်အေးနေ တာ အဲဒီချင်းပြည်နယ် နယ်စပ်ဆိုရင် တော်တော်အေးမယ်လို့ ကျမတို့ယူဆတယ်။ မထားသင့်တော့ပါဘူး။ နောက်ပြီး တပ်မတော်မှာ တာဝန်ထမ်း ဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တဦးတယောက်အနေနဲ့ ကျမတို့ အထူးသဖြင့် တောင်းဆိုချင်တာကတော့ တပ်မတော်က

အရာရှိတွေ၊ နိုင်ငံကို တာဝန်ယူနေတဲ့ လူတွေအနေနဲ့ ဦးတင်ဦးရဲ့ကျန်းမာရေးကိုင်ငဲ့မယ်၊ အသက်အရွယ်ကိုငဲ့မယ်၊ တာဝန်ကျေခဲ့တဲ့ သမိုင်းကြောင်းကိုငဲ့ပြီးတော့ အများကြီး အများကြီးစဉ်းစား ပေးစေချင်ပါတယ်။ ဒီလောက်အသက်အရွယ်ရှိတဲ့လူတယောက်၊ ဒီလောက် သမိုင်းကြောင်းကောင်းခဲ့တဲ့လူတယောက်ကို ကျေးဇူးသိတတ်တဲ့အနေနဲ့ ကျေးဇူးမကန်းကြရအောင်လားလို့ ကျမအနေနဲ့ တိုက်တွန်းချင်ပါတယ်။

ဦးသိန်းညွန့် ။ ။ ဦးတင်ဦးဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ပါဘူး။ သူ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် ၁၃၀၀ ပြည့် အရေးတော်ပုံမှာ ကျောင်းသား အဖြစ် ပါဝင်ခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲတွေမှာ ပါဝင်ခဲ့တဲ့အတွက် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ကို ချီးမြှင့်ခံခဲ့ရတယ်။ တပ်မတော်မှာ သူရဘွဲ့ရတဲ့အထိ ပြောင်ပြောင်မြောက်မြောက် တိုက်ခဲ့ရတဲ့ဇာတ်ရာတွေကြောင့် သူခံစားနေရ တဲ့ဝေဒနာကို ကြည့် ပြီးတော့၊ သူ့ရဲ့နိုင်ငံရေးအစဉ်အလာ တပ်မတော်အစဉ်အလာကိုကြည့်ပြီးတော့ ဒီနေ့ဒီအချိန်မှာ ဦးတင်ဦးဟာ ကလေးအကျဉ်း ထောင်အပါအဝင် ဘယ်အကျဉ်းထောင်မှာမှ မရှိသင့်တော့ပဲ သူ့မိသားစုနဲ့အတူအိမ်မှာပြန်ရှိပြီး တိုင်းပြည်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ တခန်းတကဏ္ဍက ပါဝင်သင့်တဲ့ နိုင်ငံ့ခေါင်းဆောင်အဖြစ်သာ ရှိသင့်တယ်လို့ ကျနော်တို့ယူဆပါတယ်။

ဦးတင်ဦးကို ချက်ချင်းပြန်လွှတ်ပေးရန် အဖွဲ့ချုပ် CEC ၅ ဦး လက်မှတ်ရေးထိုးပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မနေ့က စာရေးတောင်းဆိုခဲ့ ကြောင်းလည်း သိရသည်။

ထို့ပြင် အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ကလည်း ဦးတင်ဦးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် ယနေ့နေ့စွဲဖြင့် ကြေညာချက် ထုတ်ပြန်တောင်းဆိုထားသည်။

အစသို့

## အထက်ဗမာပြည်လူငယ်တာဝန်ခံ ကိုမြင့်ငွေအား ဖမ်းဆီးခဲ့မှု အဖွဲ့ချုပ်ဝင်များ မကျေနပ်

*၂၄ ၊ ဇန်နဝါရီ ၊ ၂၀၀၃*

UNDP ကထုတ်ဝေသည့် AIDS ရောဂါ လက်ကမ်းစာစောင်ဖြန့်ဝေ၍ဟုဆိုကာ အဖွဲ့ချုပ် အထက်ဗမာပြည်လူငယ်တာဝန်ခံ ကိုမြင့်ငွေကို ဖမ်းဆီးခဲ့ သောကြောင့် မကွေးတိုင်းအတွင်းရှိ အဖွဲ့ချုပ်ဝင်များ မကြေမနပ်ဖြစ်နေသည်ဟုသိရသည်။

လွန်ခဲ့သည့် ၂ နှစ်ကတည်းက ဒေါ်အောင်ဆန်းစုကြည်၏ သဘောတူညီချက်ဖြင့် UNDP နှင့် အဖွဲ့ချုပ်တို့ပူးပေါင်းပြီး AIDS ရောဂါတားဆီးရေး ပညာပေးလုပ်ငန်းများ၊ ဟောပြောပွဲများနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ပြုလုပ်ခဲ့သည်ဟုလည်း သိရသည်။ ထို့ပြင် ရန်ကုန်ရှိ UNDP ရုံးက AIDS ရောဂါတားဆီးရေး လက်ကမ်းစာစောင်များကို တရားဝင်ပေးအပ်ခဲ့သောကြောင့် အဖွဲ့ချုပ်တံဆိပ်တုံးရိုက်နှိပ်ပြီး နယ်မြို့အသီးသီးကိုပါ ဖြန့်ဝေခဲ့ ကြောင်း အဖွဲ့ချုပ်ဗဟိုမှ တာဝန်ရှိသူများကပြောဆိုသည်။ ထို့ကြောင့် ရေနံချောင်းမြို့နယ်အတွင်း အဆိုပါလက်ကမ်းစာစောင် ဖြန့်ဝေရုံဖြင့် အဖွဲ့ချုပ် လူငယ်တာဝန်ခံကို ဖမ်းဆီးခဲ့ခြင်းမှာ မတရားဖမ်းဆီးမှုဖြစ်ကြောင်း မကွေးတိုင်းအဖွဲ့ချုပ် အမျိုးသမီးခေါင်းဆောင် ဒေါ်စန္ဒာဝင်းက ယခုလိုပြောပါတယ်။

"ကျမတို့မကွေးတိုင်းက လူငယ်တာဝန်ခံ မောင်မြင့်ငွေကို ထိန်းသိမ်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျမ နည်းနည်းပြောချင်ပါတယ်။ ဒီစာစောင်တွေ ဝေတယ်ဆိုတဲ့ဟာကလည်း ဒီစာစောင်ဟာ UNDP က တရားဝင်ထုတ်ထားတဲ့စာစောင်ပါ။ NLD က ထူးပြီး ရိုက်နှိပ်ပြီး ကူးယူထားတာလည်း မဟုတ်ဘူး။ ဒီပေါ်မှာထပ်ပြီး ကိုယ်ရေးချင်တဲ့စာတမ်းတွေရေးထားတာလည်း ဘာတခုမှပါတာလည်း မဟုတ်ပါဘူး။ သူတို့ကပြောတယ် 'တံဆိပ်တုံး ရိုက်ထားလို့' တဲ့။ ဒီတံဆိပ်တုံးဟာ ဟိုး... ဒီပဲယင်းအရေးအခင်းမတိုင်ခင်ကတည်းက UNDP ရုံးက ပညာပေးဖြန့်ဝေဖို့ NLD ကို ပေးကတည်းက ဗဟို လူငယ်အဖွဲ့အနေနဲ့ ဒီတံဆိပ်တုံးကို ရိုက်ထားတာပါ။ အခုမှရိုက်တဲ့တံဆိပ်တုံးမဟုတ်ပါဘူး။ အခုမှရိုက်တဲ့တံဆိပ်တုံးဆိုရင်သာ ဒီတံဆိပ်တုံးကို ဒီ အချိန်မှာ သုံးခွင့်မရှိပဲ သုံးတဲ့ပုံစံနဲ့သူတို့က ပြောလို့ရချင်ရမှာပေါ့လေ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ဒီတံဆိပ်တုံးဟာ နဂိုကတည်းက ရိုက်ထားတာဖြစ်တဲ့အတွက် ဒီစွပ်စွဲချက်ဟာ ဘာမှ အကြုံးမဝင်ပါဘူး။ ဘာမှလည်းအမိပ္ပါယ် မရှိပါဘူးလို့ ကျမပြောချင်ပါတယ်။"

ရေနံချောင်းမြို့နယ် အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဒေါ်ခင်စောဌေး ကလည်း ...

"HIV နဲ့ပတ်သက်တဲ့ စာရွက်ကလေးပေါ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လို့ တံဆိပ်လေးရိုက်လို့ဖမ်းတယ်လို့ပြောတာပဲ။ အဲဒီအတွက်ဆိုရင် တော့ အန်တီအနေနဲ့ပြောရရင် (တိုင်တဲ့လူက ကြံ့ခိုင်ဖွံ့ဖြိုးရေးက လို့ပြောတယ်) တိုင်တဲ့သူက တိုင်တော့ ဖမ်းတဲ့သူက ဖမ်းရတဲ့သဘောပေါ့။ ဒါဟာ နားလည်မှုလွဲမှားတယ်လို့ပဲ အန်တီထင်တယ်။ ဒီအကြောင်းကို သေချာကြည့်မယ်ဆိုရင်တော့ ပြန်လွှတ်ရမှာပေါ့။ ဘာလို့တုန်းဆိုတော့ ဒါက နိုင်ငံတော်ပုန်ကန်မှုမှ မဟုတ်တဲ့နဲ့"

ထို့ပြင် အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့ဝင် ရှေ့နေကြီး ဦးဉာဏ်ဝင်းကလည်း အဆိုပါလက်ကမ်းစာစောင် ဖြန့်ဝေခြင်းမှာ ဥပဒေကြောင်း အရ ငြိစွန်းခြင်း ဘာမျှမရှိဟု ယခုလိုပြောဆိုခဲ့သည်။

"ကျနော်သိသလောက်တော့ NLD ဗဟိုမှာ HIV/AIDS ကာကွယ်ရေးနဲ့ပတ်သက်ပြီး UNDP နဲ့တွဲလုပ်နေတာ ၂ နှစ်လောက်ရှိပြီ။ဒီမှာလည်း လူငယ်တွေကို သင်တန်းတွေပေးတယ်။ ပညာပေးအစီအစဉ်တွေလုပ်နေတာကို ကျနော်တွေ့တယ်။ အဖွဲ့ချုပ်ရုံးမှာလည်း UNDP က ထုတ်တဲ့ ကြော်ငြာ တွေ ကပ်ထားတာပဲ။ UNDP က စာရွက်စာတမ်းတွေရော၊ စာအုပ်တွေရော အရင်ကတည်းက ပေးထားတယ်။ အရင်ကတည်းကလည်း ဒီလိုပဲ ပညာ ပေး ဖြန့်ဝေနေတာပဲ။ ဘာကိုမှ ငြိစွန်းမှုမရှိဘူး။ ပုံနှိပ်ခြင်းကိစ္စကလည်း UNDP ကပဲလုပ်တာ။ သူ့ဟာကို ပညာပေးဖို့ ဒီကနေတဆင့် သွားတာပဲ ရှိတာ။ ဒီအပေါ်မှာတော့ ပြစ်မှုမြောက်တာ ဘာမှ မမြင်ဘူး"

ကိုမြင့်ဌေး ပြန်လွတ်ရေးအတွက် ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်က မကွေးတိုင်း တယက ဥက္ကဋ္ဌကို သွားရောက်တွေ့ဆုံခဲ့သော်လည်း အထက်ညွှန်ကြားချက်အရ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့် လုံးဝမသက်ဆိုင်ဟု ပြန်လည်ပြောဆိုခဲ့ကြောင်းလည်း အဖွဲ့ချုပ်ဝင်များ၏ ပြောပြချက်အရ သိရှိရသည်။ အစသို့

## သူရဦးတင်ဦး အစာတော်ခံဆန္ဒပြမှု ၆ ရက်တကြိမ်ပြုလုပ်မည် အမြန်ဆုံးပြန်လွှတ်ပေးရန် အဖွဲ့ချုပ်ခေါင်းဆောင်များ စာရေးတောင်းဆို

*၂၅ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦး ကလေးမြို့ထောင်အတွင်း၌ အစာတော်ခံဆန္ဒပြနေကြောင်း သိရသည်။ ထောင်တွင်းအစားအသောက်များမှာ ၎င်း၏ အစာအိမ်ရောဂါကို ပိုမိုဆိုးရွားစေသောကြောင့် ယခုလ ၁၈ ရက်နေ့က စတင်ပြီး မည်သည့်အစာမှ လက်မခံတော့ဘဲ ဆန္ဒပြနေခြင်းဖြစ်သည်။ ထိုသို့ အစာတော်ခံဆန္ဒပြနေခြင်းကို ၆ ရက်တကြိမ် ဆက်တိုက်ပြုလုပ်သွားရန် ဆုံးဖြတ်ထားသည်ဟုလည်း ကလေးမြို့ထောင်နှင့်နီးစပ်သည့် အသိုင်းအဝိုင်းက တဆင့် သိရှိရသည်။

ဦးတင်ဦးသည် ယခင်ကတည်းက သွေးတိုး၊ နှလုံးနှင့် သွေးကြောထုံးရောဂါများရှိသောကြောင့် မကြာခဏ ခေါင်းမူးခေါင်းကိုက်ဝေဒနာများ ခံစားနေရကြောင်းလည်း သိရှိရသည်။ ယခုလို ရာသီဥတု ဆိုးရွားသည့် ကလေးထောင်တွင်း၌ ဦးတင်ဦးကို ဖမ်းဆီးချုပ်နှောင်ထားခြင်းသည် လူသားချင်း မစာနာသည့်လုပ်ရပ်ဖြစ်ပြီး အမြန်ဆုံးပြန်လွှတ်ပေးရန် အဖွဲ့ချုပ်ဝင်များက နအဖကို တောင်းဆိုနေကြသည်။ ပြီးခဲ့သည့်သောကြာနေ့ကလည်း အဖွဲ့ချုပ် ဗဟိုကော်မတီဝင် ၅ ဦးက ဦးတင်ဦးကို ချက်ချင်းပြန်လွှတ်ပေးရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်ထံ စာရေးတောင်းဆိုခဲ့ကြောင်း သိရှိရသည်။ အစသို့

## အဖွဲ့ချုပ် ဒု ဥက္ကဋ္ဌ သူရဦးတင်ဦး ထောင်တွင်း၌ အစာတော်ခံဆန္ဒပြနေဆဲ

*၂၆ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦး ကလေးမြို့ထောင်တွင်း၌ ကျန်းမာရေးမကောင်းသည့်ကြားမှပင် ဆက်လက်၍ အစာတော်ခံဆန္ဒပြနေကြောင်း သိရှိရသည်။

ကလေးမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း အအေးဓာတ်လွန်ကဲလာသည့်အတွက် ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေကို နယ်မြေခံလူထုက အထူး စိုးရိမ်နေကြသည်ဟုလည်း သိရသည်။ ဦးတင်ဦးသည် ထောင်ကကျွေးသည့်အစားအစာများကိုမစားသော်လည်း မိသားစုပို့ပေးထားသည့် အစားအစာများကိုမူ အားမပြတ်အောင် စားနေသေးကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။ နအဖ က ဦးတင်ဦး ကျန်းမာရေးကောင်းကြောင်း၊ အစာတော်ခံဆန္ဒပြသည်ဆိုသောသတင်းမှာ မဟုတ်မှန်ကြောင်း သတင်းများ ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ဦးတင်ဦး ကို မိသားစု (သို့မဟုတ်) လက်ရှိ အဖွဲ့ချုပ်ဝင်ခေါင်းဆောင်များနှင့်ထောင်ဝင်စာတွေ့ခွင့်ပေးခြင်း မရှိသေးကြောင်းလည်းသိရှိရသည်။

ဦးတင်ဦးသည် တပ်မတော်၌ အမှုထမ်းခဲ့စဉ်ကတည်းက အစာအိမ်ရောဂါခံစားခဲ့ရပြီး ယခုအခါ၌ သွေးတိုး၊ နှလုံးနှင့် သွေးကြောထုံးရောဂါများလည်းရှိကြောင်း မိသားစုနှင့်နီးစပ်သည့် အသိုင်းအဝိုင်းမှတဆင့် သိရှိရသည်။ အစသို့

## သူရဦးတင်ဦး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော် လက်မှတ်ရေးထိုးတောင်းဆို

*၂၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော် လက်မှတ်ရေးထိုးပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် ယခုလ ၂၂ ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်ထံ တိုက်ရိုက်စာရေးတောင်းဆိုလိုက်ကြောင်း သိရပါတယ်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး (ဟောင်း) မောင်အေး က ဒီဗွီဘီကို ယခုလိုပြောပြသည်။

"ဟုတ်ပါတယ်။ နအဖ ဗိုလ်ချုပ်ကြီးခင်ညွှန့်ဆီ တင်ပါတယ်။ ၂၂ ရက်နေ့ကပါ။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးအောင်ရွှေနဲ့ဗဟိုအလုပ်အမှု ဆောင်အဖွဲ့တွေ လွှတ်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ပါပဲ။ ရုံးတွေပြန်ဖွင့်ဖို့ အထက်ကို မရေးတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးမြတို့နဲ့ တွေ့ဆုံဆွေးနွေးတဲ့အချိန်မှာ လက်နက်မဲ့ ကျနော်တို့အဖွဲ့က လူတွေနဲ့ရော မတွေ့သင့်ဘူးလားဆိုတဲ့ အကြောင်းပြချက်နဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးကို ကလေးအကျဉ်းထောင်မှာ ချုပ်ထားတာရယ်၊ ကျန်တဲ့သူတွေကို နေအိမ်မှာ ထိန်းချုပ် ထားတာရယ်နဲ့ ကျန်တဲ့နိုင်ငံရေးအကျဉ်းသားအားလုံးတွေကို လွှတ်ပေးဖို့ဆိုတဲ့အကြောင်းပါပဲ"

ပဲခူးတိုင်း၊ သာယာဝတီမြို့နယ် လွှတ်တော်ကိုယ် စားလှယ် ဗိုလ်မှူးကြီး (ဟောင်း) မောင်အေးက ဒီဗွီဘီကို ပြောဆိုခဲ့ခြင်းဖြစ်သည်။ အစသို့

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦးကို စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ကျော်ဝင်းလာရောက်တွေ့ဆုံဟုဆို

*၂၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ကလေးထောင်၌ အစာတော်ခံဆန္ဒပြနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးကို နအဖ စစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကျော်ဝင်းက ယခုလ ၂၄ ရက်နေ့တွင် သွားရောက်တွေ့ဆုံခဲ့သည့်သတင်းများ ထွက်ပေါ်နေသည်။

ကလေးမြို့ပေါ်က အမည်မဖော်လိုသည့် ကလေးထောင်နှင့်နီးစပ်သူများကလည်း ဦးတင်ဦးကို ယခုရက်ပိုင်းအတွင်း စစ်ထောက်လှမ်းရေး အကြီးအကဲတဦး လာရောက်တွေ့ဆုံသွားကြောင်း ဒီဗွီဘီ ကိုပြောဆိုသည်။ ကလေးမြို့က အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သိန်းဝင်းကလည်း အဆင့်မြင့်စစ်ထောက်လှမ်းရေးအရာရှိများ ကလေးထောင်ကို လာရောက်တွေ့ဆုံခဲ့သည်ဟု ယခုလို အတည်ပြုပြောဆိုသည်။

"ဒီမှာ ထောက်လှမ်းရေးတပ်က အရင်တုန်းက တပ်မှူးလောက်ပဲထားတာ။ အခုတော့ မုံရွာမှာထိုင်တဲ့ တပ်ရင်းမှူးက ဒီမှာရောက်ပြီး ထိုင်နေရတယ်။ သူတို့ မပြန်သေးဘူး။ အဲဒီသဘောလို့ ယူဆရတယ်"

စစ်ထောက်လှမ်းရေးအရာရှိများအနေဖြင့် ဦးတင်ဦးကို မည်သည့်ကိစ္စလာရောက်ဆွေးနွေးကြကြောင်း မသိရသော်လည်း ဦးတင်ဦး အစာတော်ခံ ဆန္ဒပြနေခြင်းမှာ သေချာသည်ဟုလည်း ဒေါက်တာသိန်းဝင်းက ယခုလိုဆက်လက်ပြောဆိုသည်။

"အဲဒါက Confirm ဖြစ်တယ်။ ၁၈ ရက်နေ့လောက်ကတည်းက Hunger strike လုပ်တဲ့သဘောပဲ။ ဒါပေမယ့် သက်ဆိုင်ရာကိုမေးကြည့်တော့ သူတို့ပြောတာကတော့ အစားအသောက်တွေရောက်လာတာ များနေလို့ မစားတာပါတဲ့"

အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးကို လာရောက်တွေ့ဆုံသူသည် ဗိုလ်ချုပ်ကျော်ဝင်း ဟုတ်/မဟုတ် ဆိုသည်ထက် အရေးကြီးသောအချက်မှာ ဦးတင်ဦး၏ ကျန်းမာရေး စိုးရိမ်နေရသည့်အခြေအနေသာဖြစ်သည်ဟုလည်း ဒေါက်တာသိန်းဝင်းက ယခုလို ပြောဆိုသည်။

"ဒီက ညပိုင်းအေးတော့ အသက်ကြီးတာရော၊ ဒဏ်ရာဟောင်းတွေကြောင့်ရော တော်တော်ခံရမှာပဲဗျ။ အေးတဲ့ဒဏ်က ဒီမှာ တော်တော်လေး ဆိုးလာတယ်"

အဖွဲ့ချုပ် ဗဟိုကော်မတီဝင် သခင်စိုးမြင့်က ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးကို ဗိုလ်ချုပ်ကျော်ဝင်း သွားရောက်တွေ့ဆုံခဲ့ခြင်းနှင့်ပတ်သက်ပြီး ယခုလို ပြောဆိုသည်။

"အန်ကယ်တို့မေးလို့ဘယ်ပြောမလဲ။ အဲဒီအခြေအနေမျိုး အန်ကယ်တို့မှာမှ မရှိတာ။ အန်ကယ်တို့ကြိုးစားတာပဲ။ အဆင်ပြေတဲ့နေရာကို ရွှေ့ဖို့ နဲ့ လွှတ်ပေးဖို့ရယ်ပေါ့။ ဒါပေမယ့် အခု ကလေးထောင်မှာပဲရှိသေးတယ်။ ကျန်းမာရေးကောင်းတယ်ဆိုတဲ့သတင်းပဲ ICRC က ပြောလို့သိတယ်"

အစသို့

## မောင်ချမ်းသာကျော် ၂၀၀၅ ခုနှစ် အောက်တိုဘာလထိ ငှက်အော်စမ်း စခန်းတွင် နေရမည်

*၂၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်းအရေးအခင်းနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်ဝင်များသာမက အဖွဲ့ချုပ်ဝင်မဟုတ်သူအများအပြားကိုလည်း နအဖ က ဖမ်းဆီးထိန်းသိမ်းရာ ထိုအထဲတွင် မုံရွာမြို့က အသက် ၁၅ နှစ်အရွယ် ၁၀ တန်းကျောင်းသား မောင်ချမ်းသာကျော်လည်း တဦးအပါအဝင်ဖြစ်သည်။ ယခုအခါ ၎င်းကို ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းတွင် ဖမ်းဆီးထိန်းသိမ်းထားသည်။

ချမ်းသာကျော်ကို ဒီပဲယင်းအရေးအခင်းနှင့် တပြိုင်တည်းဖြစ်ပွားခဲ့သည့် မုံရွာမြို့မြောက်ဖက် အိုးဘိုထောင်နှင့်အလုံမြို့အကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခ၌ ပါဝင်ပတ်သက်သည်ဆိုသော စွပ်စွဲချက်နှင့် ပြီးခဲ့သည့်နှစ် ဇွန်လ ၃ ရက်နေ့ ညပိုင်း အာဏာပိုင်တို့က လာရောက်ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း ဖခင် ဦးခင်မောင်က ပြောဆိုသည်။ ထို့နောက် မုံရွာရဲစခန်းအတွင်း ချုပ်နှောင်ထားပြီး ဇူလိုင်လ ၇ ရက်နေ့၌မုံရွာမြို့တရားရုံးတွင် အမှုဖွင့် စစ်ဆေးခဲ့သည်။ သို့သော်လည်း မောင်ချမ်းသာကျော်မှာ ထောင်ဒဏ်အပြစ်ပေးဖို့ အသက်မပြည့်သေး၍ အရေးအခင်းအတွင်း အာဏာပိုင်များကို ခဲနှင့်ပေါက်သည်ဆိုကာ တာဝန်ဝတ္တရားနှောင့်ယှက်မှုပုဒ်မဖြင့် ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၌ အသက် ၁၈ နှစ်ပြည့်သည့် ၂၀၀၅ ခုနှစ်အထိ ဖမ်းဆီးထိန်းသိမ်းထားရန် တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ဖခင် ဦးခင်မောင်က ယခုလိုပြောဆိုခဲ့သည်။

"၂၀၀၅ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့ထိ ထိန်းသိမ်းထားဖို့ အမိန့်ချထားတယ်။ အိုးဘိုထောင်မှာ ပဋိပက္ခဖြစ်တဲ့အခါ တာဝန်ထမ်းဆောင်နေတဲ့ရဲတွေကို သူက ခဲနဲ့ပစ်တယ်တဲ့။ သူကိုယ်တိုင်ကတော့ 'ကျနော် မပစ်ပါဘူး' လို့ထွက်ထားတယ်။ရဲက အမှုစစ် တဲ့အချိန်မှာ ကျနော်က တင်ပြတယ်။ သူဟာ အသက်ငယ်ပါသေးတယ်၊ ၁၆ နှစ်တောင် မပြည့်သေးဘူးလို့။ ဒါပေမယ့် တရားသူကြီးက ဆုံးဖြတ်လိုက်တာက ခဲနဲ့မပစ်ဘူး ဆိုပေမယ့် ဘေးအနီးအနားမှာ ကြည့်နေတဲ့အတွက် အမှုနဲ့ပတ်သက်တယ် ဆိုပြီး သူ့ကို အပြစ်ပေးလိုက်တဲ့သဘောပေါ့"

အာဏာပိုင်တို့ ဖမ်းဆီးချိန်တွင် ၁၀ တန်းဖြေဆိုထားသော မောင်ချမ်းသာကျော်သည် စာမေးပွဲအောင်မြင်ခဲ့သော်လည်း အာဏာပိုင်များ၏ ဖမ်းဆီးခံနေရခြင်းကြောင့် ကျောင်းဆက်မတက်နိုင်သည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်းလည်း ဖခင် ဦးခင်မောင်က ယခုလို ဆက်လက် ပြောဆို သည်။

"ဆယ်တန်းအောင်တယ်။ ဒါပေမယ့် အခု လူငယ်သင်တန်းကျောင်းမှာရောက်နေတယ်ဆိုတော့ သူ့မှာ တက္ကသိုလ်မှာ ကျောင်းဆက်တက်ခွင့် မရဘူးပေ့ါ။ စိတ်မကောင်းဘူး။ သူကိုယ်တိုင်လည်း ဘာမှလုပ်တာမဟုတ်ဘဲနဲ့ သွားကြည့်မိရုံနဲ့ ဖြစ်သွားတာဆိုတော့။ ဆယ်တန်းအောင်ပြီး ကျောင်းတွေ ဆက်တက်စေချင်တာပေ့ါ" အစသို့

## တောင်ငူလွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်အယူခံလွှာ ဗဟိုတရားရုံးက ပယ်ချ

*၂၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ထောင်ဒဏ် ၇ နှစ် ကျခံခဲ့ရသည့် ပဲခူးတိုင်း၊ တောင်ငူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်၏အယူခံလွှာကို နအဖ ဗဟိုတရားရုံးက ပယ်ချလိုက်ကြောင်းသိရသည်။ ပြီးခဲ့သည့်ဒီဇင်ဘာလ ၂၉ ရက်နေ့က ရန်ကုန် ဗဟိုတရားရုံးမှ ဆက်လက်ကြားနာရန် မလိုအပ်ဟုဆိုကာ အကျဉ်းရုံး နည်းဖြင့် ပယ်ချလိုက်ခြင်းဖြစ်ကြောင်း ပဲခူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှက ဒီဗွီဘီကိုပြောဆိုသည်။

ဦးအောင်စိုးမြင့်ကို တောင်ငူတရားရုံးက ထောင်ဒဏ် ၇ နှစ် ချမှတ်ပြီးတဲ့နောက်ပိုင်း ပဲခူးတိုင်းအဖွဲ့ချုပ်ရှေ့နေအဖွဲ့က အယူခံအဆင့်ဆင့် တင်သွင်းခဲ့ရာ အားလုံးပယ်ချခံခဲ့ရသည်။

ဦးအောင်စိုးမြင့်ကို ပြီးခဲ့သည့်နှစ် ဩဂုတ်လ ၂၉ ရက်နေ့က ဖြစ်ပွားခဲ့သော ဆိုင်ကယ်တိုက်မှုနှင့်ပတ်သက်ပြီး ဩဂုတ်လ ၃၁ ရက်နေ့တွင် မြို့နယ် အာဏာပိုင်တို့က ဖမ်းဆီးခဲ့သည်။ ထို့နောက် ဆိုင်ကယ်တိုက်မှုပုဒ်မ (၃၃၇)၊ လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားရှိမှုပုဒ်မ (၅၁) စသည့်ပြစ်မှုများနှင့် တရားစွဲဆိုခဲ့သည်။ သို့သော်လည်း ဆိုင်ကယ်တိုက်ခံရသူ ကိုယ်တိုင်က ၎င်းဘက်က မှားသည့်အတွက် အမှုမဖွင့်လိုကြောင်း တရားရုံးအထိ လာရောက်ထွက်ဆိုခဲ့သောကြောင့် နောက်ဆုံး ဦးအောင်စိုးမြင့်ကို လိုင်စင်မဲ့ဆိုင်ကယ် အသုံးပြုမှုပုဒ်မနှင့် ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်ခြင်းဖြစ်သည်။ ပဲခူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ရှေ့နေကြီး ဦးမြတ်လှက မြန်မာနိုင်ငံတွင် ဦးအောင်စိုးမြင့်နည်းတူ လိုင်စင်မဲ့ ဆိုင်ကယ်စီး၍သာ ထောင်ဒဏ် စီရင်ချက် ချရမည်ဆိုလျှင် ထောင်ဆန့်မည် မဟုတ်ဟုယခုလိုပြောဆိုခဲ့သည်။

"အမှုက မိန်းကလေးတယောက် (ဖြူဖြူဝင်းဆိုတဲ့ ကောင်မလေး)ကို ကိုအောင်စိုးမြင့်ကလည်းမော်တော်ဆိုင်ကယ်နဲ့ ရုံးအသွားမှာ ထိမိတဲ့အမှုပါပဲ။ ဖြူဖြူဝင်းဆိုတဲ့ ကောင်မလေးမှာလည်း ဘာဒဏ်ရာမှ မရပါဘူး။ ဖြူဖြူဝင်းလည်း ကျေနပ်ပါတယ်ဆိုပြီး အမှုကို ရုတ်သိမ်းလိုက်တဲ့ အခါကျတော့ သူတို့က ရရာနဲ့ ကိုအောင်စိုးမြင့်စီးတဲ့ မော်တော်ဆိုင်ကယ်ဟာ Without license ပေ့ါ။ (လိုင်စင်မရှိဘဲနဲ့စီးတယ်) သွင်းကုန်/ထုတ်ကုန် ဥပဒေအရ ငြိတယ်ဆိုပြီး ထောင်ဒဏ် ၇ နှစ် ချလိုက်တာပဲ။ ဒီလိုသာ လိုင်စင်မရှိတဲ့ မော်တော်ဆိုင်ကယ်တွေကိုသာ ထောင်ချစတမ်းဆိုရင် (အမလေး) ထောင်တောင် ဆန့်မယ်မထင်ဘူး" အစသို့

## အဖွဲ့ချုပ် အထက်ဗမာပြည်လူငယ်တာဝန်ခံ ကိုမြင့်ငွေ ရေနံချောင်း အချုပ်ခန်းတွင်း၌ အာဏာပိုင်တို့အား ဆန့်ကျင်ဆန္ဒပြ

*၂၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ယခုလ ၂၁ ရက်နေ့က ဖမ်းဆီးခံခဲ့ရသည့် အဖွဲ့ချုပ် အထက်ဗမာပြည် လူငယ်တာဝန်ခံ ကိုမြင့်ငွေသည် အချုပ်ခန်းထဲ၌ အာဏာပိုင်တို့၏ မတရားသည့် အမိန့်မှန်သမျှကို ဆန့်ကျင်ဆန္ဒပြနေကြောင်းသိရသည်။

ရေနံချောင်းအချုပ်ခန်းအတွင်း ရာဇဝတ်အကျဉ်းသားများနှင့်ရောပြီး 'ပုံစံ' ထိုင်ခိုင်းသည်ကို ကိုမြင့်ငွေက လက်မခံခဲ့ဟု သိရသည်။ ၎င်းကို အပြစ်မရှိဘဲ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်အတွက် အာဏာပိုင်များကို ပုံစံထိုင်ပြီး ခေါင်းငုံ့ဆက်ဆံတာမျိုး မည်သို့မှမလုပ်ဟု ကိုမြင့်ငွေက ပြန်ပြောခဲ့သောကြောင့် အခြေအနေတင်းမာခဲ့ကြောင်း ရေနံချောင်းမြို့နယ်အဖွဲ့ချုပ်ဝင်များက ပြောဆိုသည်။ လောလောဆယ် ခြေချုပ်ဥပဒေဖြင့် ယမန် ၂ ပါတ်ယှူပြီး ဖမ်းဆီးထားကြောင့် အာမခံလုပ်ရန် ရဲက ပြောဆိုသော်လည်း ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်ကိုသာ တောင်းဆိုခဲ့ကြောင်း ရေနံချောင်းမြို့နယ်အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဒေါ်ခင်စောဌေးက ယခုလိုပြောဆိုသည်။

"ယမန်ကြီး ၂ ပတ် ယူထားတဲ့အတွက် ခြေချုပ်ဥပဒေအရ ဆွဲထားတာဆိုတော့ ၂၉ ရက်နေ့မှာ အဖြေပေါ်ရမှာပေ့ါ။ အမှုအရ ပြောရတာပါ။ တကယ်တော့ဒါဟာ ဘာအပြစ်မှလည်း မရှိဘူး။ အပြစ်မရှိတော့ အာမခံလုပ်စရာလည်း မလိုဘူးဆိုပြီး အာမခံလည်း မလုပ်ဘူး။ အထဲထဲမှာ ပုံစံ ထိုင်ခိုင်းပြီး ခေါင်းငုံ့ခိုင်းတော့ ကိုမြင့်ငွေကလည်း ခေါင်းမငုံ့ဘူး။ 'ကျုပ်က အမှန်တရားလုပ်တာ ကျုပ်မှာ အပြစ်မရှိ' ဘူးလို့ပြောတယ်။ ဒီလို AIDS ရောဂါ တိုက်ဖျက်ရေးဟာ တကမ္ဘာလုံးက လုပ်နေတဲ့ဟာ၊ လူသားအားလုံးအတွက် အကျိုးရှိတဲ့လုပ်ငန်း လုပ်တဲ့ဟာ NLD ကနေ လုပ်နိုင်တဲ့အတွက် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက တိုင်တယ်ဆိုတော့ လူသားမျိုးနွယ်ပြုန်းတီးဖို့အတွက် သူတို့က အားပေးနေတာလား။ ဘယ်လိုသဘောနဲ့တိုင်တုန်း။ ငါတို့ဖမ်းမိတာ မှားတယ်ဆိုပြီးသူတို့ လွှတ်ရမှာပဲ"

အထက်ဗမာပြည် လူငယ်တာဝန်ခံလည်းဖြစ်၊ ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင်လည်းဖြစ်သည့် ကိုမြင့်ငွေသည် မေ ၃၀ ဒီပဲယင်းအကြမ်းဖက်မှု အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေးတာဝန်ယူခဲ့သောကြောင့် အခြားလူငယ် ၁၅ ဦးနှင့်အတူ ခန္တီးအကျဉ်းထောင်၌ ၇ လနီးပါး ဖမ်းဆီးခံခဲ့ရသူလည်းဖြစ်သည်။ ယခု ပြန်လွှတ်လာပြီး ၁ လ အကြာ၌ ထပ်မံဖမ်းဆီးခံရသောကြောင့် ကိုမြင့်ငွေ၏ဇနီးနှင့် မိခင်တို့လည်း စားဝတ်နေရေး၊ လူမှုရေးအခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။ ထိုအကြောင်းကို ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်က ယခုလိုပြောဆိုသည်။

"လွန်ခဲ့တဲ့ ၃ ရက်လောက်ကဗျာ ကိုမြင့်ဋ္ဌေ အဖမ်းခံရတဲ့အကြောင်းကို သူ့မိဘတွေနေတဲ့ ချောက်မြို့၊ ထန်းပင်စုရွာကို သွားမေးတယ်။ ကိုမြင့်ဋ္ဌေ အမေက မုဆိုးမဗျ။ ကိုမြင့်ဋ္ဌေ ခန္တီးထောင်မှ အဖမ်းခံရတဲ့အခါတုန်းက သူ့ညီမက သူတို့အိမ်ဝိုင်းကို ၅ သောင်း နဲ့ပေါင်ပြီး ထောင်ဝင်စာ သွားတွေ့ရတယ်။ ၇ လ ရှိသွားပြီ။ ခုထိ မရွေးနိုင်သေးဘူးဗျာ။ အတိုးကိုက တလ ၅၀၀၀ ၊ ၇ လဆိုတော့ ၃ သောင်းခွဲကျနေပြီ။ ဆယ်ရက်လောက်အတွင်းမှာ မဆပ်နိုင်ရင်အိမ်ဝိုင်းကို အသိမ်းခံရမယ့်သဘောရှိနေတယ်။ ကိုမြင့်ဋ္ဌေက အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုတာဗျ။ ပန်းချီဆရာ။ ထောင်ကျတဲ့အခါ သူ့မိသားစုကလည်း စားဝတ်နေရေးက အဆင်မပြေဖြစ်တယ်ဗျာ။ သူ့မိဘတွေကလည်း တောသူတောင်သားဆိုတော့ ယာလုပ်ငန်းတွေ လုပ်ကြရ တယ်။ မိုးခေါင်တော့ သီးပင်ကလည်း မရဘူးဗျ။ တော်တော်ကို စားဝတ်နေရေးကြပ်တည်းနေရတာတွေ့ရတဲ့အတွက် ကျနော်တို့လည်း စိတ်မကောင်း ဘူး။ ဒီကိစ္စကို ဘယ်လိုကူညီရမလဲလို့လည်း ကျနော်တို့စဉ်းစားနေကြပါတယ်"

ကိုမြင့်ဋ္ဌေကို ယခုလ ၂၉ ရက်နေ့တွင် ရုံးထုတ်စစ်ဆေးမည်ဖြစ်ပြီး ထိုနေ့၌ ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင်များက သက်ဆိုင်ရာ အာဏာပိုင်များထံ တင်ပြတောင်းဆို ထားသည်ဟုလည်း ဦးမောင်မောင်က ဒီဗွီဘီကို ပြောဆိုခဲ့သည်။ အစသို့

## နအဖ ဆွမ်း ဘုန်းမပေးသူ သံဃာအပါး ၁၅၀ ခန့် နိုင်ငံတော်ပုန်ကန်မှုဖြင့် အရေးယူခံရခြင်း

*၂၈ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ပြီးခဲ့သည့် တန်ဆောင်တိုင် ကထိန်ခင်းပွဲတွင် အာဏာပိုင်များကပ်သည့် ဆွမ်းကို ဘုန်းပေးရန်ငြင်းဆန်ခဲ့သော ရန်ကုန်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်က သံဃာအချို့ကို နအဖ က ဖမ်းဆီးထောင်ချလိုက်ကြောင်းသိရသည်။ ဆွမ်းဘုန်းပေးရန် ငြင်းဆန်ခဲ့သည့် သံဃာအပါး ၁၅၀ ခန့်ကို နိုင်ငံတော်ပုန်ကန်မှု နှင့် အရေးယူအပြစ်ပေးခဲ့သည်ဟုသိရသည်။

ထိုအထဲမှ သံဃာအငယ်များကို နေရပ်ပြန်ရန် အမိန့်ပေးခဲ့ပြီး ဦးဆောင်သည့်သံဃာများကိုမူ အာဏာပိုင်တို့က ချက်ချင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း သံဃာအပါးမည်မျှ ဖမ်းဆီးခံရသည် ထောင်ဒဏ်မည်မျှ ချမှတ်ခံရသည်ကိုမူ အတိအကျမသိရသေးပေ။ ဂန္ဓာရုံ ကျောင်းတိုက်ကို ဒီဗွီဘီ ကဆက်သွယ်လျှောက်ထားခဲ့ရာ ကျောင်းအနေဖြင့်လည်း သတင်းအတိအကျ မသိရကြောင်း၊ သို့သော်လည်း ဖမ်းဆီးသွားသည့် သံဃာများကို 'စစ်ထဲ ဝင်မလား၊ ထောင်အကျခံမလား' ဆိုပြီး ရွေးချယ်ခိုင်းသည်ဟုလည်း သိရသည်။ မဟာ ဂန္ဓာရုံကျောင်းတိုက်က ဆရာတော်တပါး ကမူ သံဃာများ ဖမ်းဆီးခံရပုံကို ယခုလို စတင်မြွက်ကြားထားသည်။

"သူတို့ဆွမ်းကပ်တာကို ဆွမ်း မစားတဲ့အတွက် (သူတို့ပြောတာဆိုတာကတော့) နိုင်ငံတော်ပုန်ကန်မှုနဲ့လို့ ပြောတယ်။ ငယ်တဲ့ကိုယ်တော်တွေကို တိုက်ထဲလည်း ပြန်ပြီး လက်မခံတော့ဘူးပေါ့။ သက်တော်ကြီး တဲ့၊ ခေါင်းဆောင်လို့ထင်တဲ့ ကိုယ်တော်တွေကိုတော့ ဖမ်းသွားတယ်"

မေး ။ ။ အဖမ်းခံရတာ ကိုယ်တော် ဘယ်နှစ်ပါးလောက် ရှိမလဲဘုရား။

ဆရာတော် ။ ။ ဘယ်နှစ်ပါး ဆွဲထားတယ် ဆိုတာ ဘုန်းကြီးတို့ အတိအကျ မသိနိုင်ဘူး။ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ ခေါင်းဆောင်လို့ သူတို့ထင်တဲ့ ပုဂ္ဂိုလ်တွေကို ဆွဲထားလိုက်တာပေါ့။ ခုခေတ်ကာလက သံဃာ ထောင်ချရင်လည်း ကျတယ်ပေါ့လေ။ ဥပဒေက နိုင်ငံတော်ပုန်ကန်မှုလို့ပြောပါတယ်။ သူတို့ကပ်တဲ့ဆွမ်း မစားတာလို့ ပြောသံကြားပါတယ်။

မေး ။ ။ ဆွမ်းကပ်တာက ဘယ်က ကပ်တာပါလဲဘုရား။

ဆရာတော် ။ ။ သူတို့အစိုးရကနေ ကထိန်ခင်းတာပေါ့။ သူတို့အစိုးရကနေ ကပ်တာပေါ့။

မေး ။ ။ ဘယ်သူက ဦးဆောင်တာပါလဲဘုရား။

ဆရာတော် ။ ။ ခါတိုင်းတော့ သူတို့သက်ဆိုင်ရာ အစိုးရပိုင်းက ဝန်ကြီးပေါ့။ သူ့ဌာနနဲ့သူ ကပ်ကြတယ်။ တချို့က စက်မှု (၁)က ကပ်တယ်။ တချို့ ကျ ဘာဝန်ကြီးက ကပ်တယ်။ အလှည့်ကျ ကပ်တာရတယ်။ သူ့ကျောင်းနဲ့ သူပေါ့လေ။ ဘယ်ဌာနက ကပ်တယ်ဆိုတာ ဘုန်းကြီးတို့ မသိလိုက်ဘူး။

မေး ။ ။ သူတို့ကပ်တဲ့ဆွမ်းကို သံဃာတော်တွေက ဘယ်လိုရည်ရွယ်ချက်နဲ့ ဘုန်းမပေးကြတာလဲဘုရား။

ဆရာတော် ။ ။ ရှင်းရှင်းပြောရရင်တော့ တချို့ကိုယ်တော်တွေက သိပ် သဘောမကျဘူးပေါ့။ တပါး–နှစ်ပါး–သုံးလေးပါးကနေ စပြီး များသွားတယ်ပေါ့။ သူတို့ကတော့ သူတို့ကပ်တဲ့ဆွမ်းကို အားလုံးဘုန်းပေးစေချင်တာပေါ့။ လုပ်တဲ့ ပုဂ္ဂိုလ်အနေနဲ့ကတော့ နိုင်ငံရေးနည်းနည်းပါသွားတယ်ပေါ့။ အဲဒါကြောင့် ဆွဲသွားခြင်းဖြစ်ပါတယ်။

မေး ။ ။ သံဃာတော်တွေအနေနဲ့ ဒကာတယောက် ယောက်က ကပ်တဲ့ဆွမ်းကို မစားရုံလေးနဲ့ အခုလို အပြစ်ရှိပါသလားဘုရား။

ဆရာတော် ။ ။ ဘုရားဝိနည်းတော်နဲ့ကတော့ ရှေ့နောက်ကပ်တာ၊ လျှောင်လွှဲတာ။ ဝိနည်းတော်အနေနဲ့ကတော့ ဘာမှမဖြစ်ပါဘူး။ သူတို့ဥပဒေ ကတော့ သူတို့ဥပဒေပေါ့လေ။ မပြောတတ်ဘူးပေါ့။

မေး ။ ။ အဆွဲခံရတဲ့ သံဃာတော်တွေကို ထောင်နှစ်ရှည်ချလိုက်တယ်လို့ကြားရလို့ပါ။ ဘုန်းဘုန်းတို့ရော နောက်ထပ်ဘယ်လိုများ ကြားသိရပါသေးလဲဘုရား။

ဆရာတော် ။ ။ နောက်ဆက်တွဲအနေနဲ့ ကြားရတာက တချို့ကျတော့ ထောင်အကျပဲ ခံမလား၊ စစ်ထဲ လိုက်မလားလို့ မေးတာတွေလည်းရှိတယ်။ စစ်ထဲလိုက်မယ်ဆိုရင် စစ်ထဲလိုက်ပေ့ါ။ ဖမ်းတယ်ဆိုကတည်းက သက်နီးချွတ်ပစ်ထားတာ။ သင်္ကန်းချွတ်ပစ်ပြီးတော့ ထောင်ထဲလိုက်မလား၊ စစ်ထဲ လိုက်မလားမေးတယ်လို့ ပြောသံကြားတယ်။

ဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဦးသုမင်္ဂလသည် ၈၈၈၈ ကာလအတွင်း မန္တလေးမြို့၌ပြုလုပ်ခဲ့သည့် ပတ္တနိက္ကုဇ္ဇန သပိတ်မှောက်ကံဆောင်ပွဲ၌ ပါဝင်မှုနှင့် အာဏာပိုင်တို့၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် ဆရာတော်တပါးဖြစ်ကြောင်းလည်း သိရှိရသည်။ အစသို့

## ဒီပဲယင်း လုပ်ကြံမှုအတွင်း ရရှိခဲ့သည့်ဒဏ်ရာများ ယခုထိ ဆေးကုသနေကြရ

*၂၈ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးခံခဲ့ရပြီး ယခုလ ၁၆ ရက်နေ့၌ ရွှေဘိုထောင်ကပြန်လွတ်လာသူများထဲမှအချို့ ရရှိခဲ့သည့်ဒဏ်ရာများကို ဆက်လက်ဆေးဝါးကုသနေရကြောင်း သိရသည်။

မန္တလေးတိုင်း၊ အမရပူရမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်မှာ အရေးအခင်းအတွင်း ပြင်းထန်သည့်ရိုက်ချက်များကြောင့် ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့ပြီး လက်တဖက်လည်း ယခုထိ လှုပ်ရှား၍မရသေးဟုသိရသည်။ တိုင်းရင်းဆေးနှင့် ကုသနေသော်လည်း သက်သာမှုမရှိသေးကြောင်း ဦးလှမြင့်က ပြောဆိုသည်။ ထို့ပြင်၎င်းနှင့်အတူပြန်လွတ်လာသည့် ဦးစောလှိုင်နှင့် ဦးမြင့်ကြည်တို့ ၂ ဦးလည်း ကျန်းမာရေးမကောင်းကြဟု ဦးလှမြင့်က ယခုလို ပြောဆိုသည်။

"ကျနော့်လက်တဖက်ကတော့ လက်သီးဆုပ်လို့လည်း မရဘူး၊ လှုပ်လို့လည်း မရပါဘူး။ အတော်လေးကို နာကျင်မှုဖြစ်နေပါတယ်။ တိုင်းရင်း မြန်မာဆေးနဲ့ ကုသမှုလုပ်နေရတယ်။ ဒူးကိုလည်း ဆေးဝါးကုသမှု လုပ်နေပါတယ်။ သက်သာမှုတော့ သိပ်မရှိသေးဘူးပေ့ါ။ မနေ့က သွားပြတော့ အကြောနဲ့ဆိုင်တယ်လို့ ပြောလိုက်ပါတယ်။ ဦးစိုးနိုင်ကတော့ ခါးမှာ ကျောက်ကပ်နဲ့ပတ်သက်တာ ဖြစ်နေတယ်။ ကျန်းမာရေး အတော်လေးမကောင်းဘူး။ ဦးမြင့်ကြည်ကလည်း ဘရင်ဂျီနာလို အနာရှိတော့ ကျနော့်ကို အိမ်ကပေးလိုက်တဲ့ဆေးတောင်မှ သူ့ကိုတိုက်ရတယ်။ မန်းဆေးဆိုတာ။ သူတို့လည်း တော်တော်လေး အားတင်းထားတဲ့ပုဂ္ဂိုလ်တွေပါပဲ။ အားတင်းထားမှပဲ ခံနိုင်ရည်ရှိတယ်။ အိမ်လည်း ပြန်ရောက်ရော ဘုန်းဘုန်းလဲတော့တာပဲ"

မေ ၃၀ ရက်နေ့ကအခင်းဖြစ်ပွားခဲ့သည့် ကျည်ရွာနှင့်ရွာသစ်အကြား အရေးအခင်းအတွင်း ရိုက်နှက်ခံခဲ့ရပုံကိုလည်း ဦးလှမြင့်က ယခုလို ဆက်လက်ပြောပြသည်။

"ကားပေါ်မှာထိုင်ရင်းနဲ့ ကျနော့်ကို ပထမဆုံးတချက် (စူးရှတဲ့ပစ္စည်းတခုနဲ့) ရိုက်လိုက်တော့ ခေါင်းမှာ ပထမဆုံး ဒဏ်ရာရတယ်။ ခေါင်းကိုအုပ်ပြီးတော့ ကားနောက်အဖုံးဖွင့်ထားတဲ့ဘက်ကို လျှောပြီး ကျနော်ဆင်းသွားတယ်။ အဲဒီမှာ တယောက်ကနေ ဝါးဆစ်ပိတ်လိုတုတ်နဲ့ တချက်ရိုက်လိုက်တယ်။ ယာဖက်စောင်းမှာထိသွားပါတယ်။ လှည့်ပြီးအထွက်မှာ နောက်စေ့ကိုရိုက်တဲ့အခါ (မြင်သာနေတဲ့အတွက်) လက်နဲ့ကာလိုက်တော့ လက်မှာထိသွားပါတယ်။(အခု အဲဒီဒဏ်ရာ အတော်လေးပြင်းပြင်းထန်ထန် ရှိလာတယ်။) အဲဒီကနေတဆင့် ဒေါ်စုကားဘေးကို ရောက်သွားတယ်။ အဲဒီအချိန်မှာ မန္တလေးတိုင်း လူငယ်အဖွဲ့ဝင်(ဘယ်သူလဲမသိဘူး)တွေက (ကျနော့်ဒဏ်ရာတွေက သွေးတွေများနေတော့) ဖြတ်လာတဲ့ ကားတစီးပေါ် ကျနော့်ကို တွန်းတင်ပေးလိုက်ပါတယ်"

သို့သော်လည်း ဦးလှမြင့်စီးလာသည့်ကားမှာ ဆည်မြောင်းအနီးအရောက် အသင့်စောင်နေသောလက်နက်ကိုင်အဖွဲ့တဖွဲ့မှ တားဆီးပြီး လက်ပြန်ကြိုးတုပ်၍ ထပ်မံရိုက်နှက်ခံခဲ့ရပုံကိုလည်း ဆက်လက်ပြောပြသည်။

"ဒိုင်းကိုင်ပြီးတော့ တုတ်ကိုင်ထားတဲ့ လုံထိန်းဆို တဲ့ပုဂ္ဂိုလ်ပါ။ ကျနော့်မျက်မြင်ပါ။ ကျနော့်ကို ရိုက်လည်း ရိုက်တယ်။ ဒိုင်းနဲ့လည်း ခေါင်းကိုထုတယ်။ ကျနော့်ခန္ဓာကိုယ်တခုလုံးဟာ (အင်္ကျီကလည်း အဖြူဆိုတော့) သွေးတွေ ရဲနေပါတယ်။ ရဲတွတ်နေတဲ့ဟာကို ဆက်ရိုက်တယ်။ 'ထိုင်'ဆိုပြီး တခြားပုဂ္ဂိုလ်တွေနဲ့အတူထိုင်နေတုန်း ပထမ ဆောင့်အကန်ခံရတယ်။ ရှေ့ကို ဟတ်ထိုးကျသွားတယ်။ မှောက် လျက် လက်ပြန်ကြိုးတုပ်လိုက်ပါတယ်။ (ကျနော် မြင်သလောက်) ကျနော့်ဘေးက နှစ်ဦး ပါ,ပါတယ်။ မော့်ကြည့်လို့ဆိုပြီး အကန်ခံရပါသေးတယ်ခင်ဗျ။ 'ထ'ဆိုတော့ ကျနော် ဘယ်လိုမှမထနိုင်တော့ဘူး။ (ဘယ်သူမှန်းမသိတဲ့)နှစ်ဦးက ကျနော့်ကို မပြီး'ဒီကောင်တွေ အထဲပို့၊ အထဲပို့'ဆိုပြီး ကျနော့်ကိုခေါ်သွားပြီး ဝန်းထဲကိုရောက်တဲ့အချိန်မှာ ကျနော့်ကို ကြိုးဖြေရိုက်တယ်။ ကျနော့်ရဲ့ ဘယ်ဖက်ခြေ ထိသွားတာ ခုထိဒဏ်ရာက မပျောက်သေးပါဘူး။ ကားနှစ်စီးထိုးထားပါတယ်။ (ဒိုင်နာအကြီးစားလို ကားကြီးတွေ) အဲဒီဘေးနားမှာ ထိုင်ဆိုပြီး အားလုံးလိုလို (မိန်းကလေးတွေရော ပါ,ပါတယ်ဗျာ) ထိုင်ကြတယ်။ 'စွမ်းအားရှင်တွေ ထမင်းလာယူကြ'လို့ပြောတော့ ကျနော်ကြည့်လိုက်တော့ ကျနော့်ကို စောစောက ရိုက်တဲ့လူက စွမ်းအားရှင်ပဲ"

ဒီပဲယင်းအရေးအခင်းအတွင်း ဒဏ်ရာ အပြင်းအထန်ရရှိခဲ့သူများထဲတွင် ဦးလှမြင့်၏ သား၊ အမရပူရမြို့နယ် အဖွဲ့ချုပ်လူငယ်မှ ကိုဇော်လေးလည်း ပါဝင်သည်။ ခရီးစဉ်အစတွင် သားကိုယ်တိုင်မောင်းသည့်ကားပေါ် ၌ အတူလိုက်ပါခဲ့ကြသော်လည်း နောက်ပိုင်း ကွဲသွားကြပြီး မုံရွာစစ်ဆေးရုံ ရောက်သည့်အခါမှ သားကို ပြန်တွေ့ခဲ့ရသည်ဟုလည်း ၎င်းက ပြောဆိုသည်။ သို့သော် သားဖြစ်သူ ကိုဇော်လေးကို ပြန်တွေ့သည့်အချိန်တွင် ဒဏ်ရာဒဏ်ချက်များ များလွန်း၍ သားဖြစ်သူကို ပုံဖမ်းမရ ဖြစ်ခဲ့ရသည့်အကြောင်းကိုလည်း ဦးလှမြင့်က ဖခင်တဦး၏ ခံစားချက်အပြည့်နှင့် ယခုလို ပြောဆိုခဲ့သည်။

"ကျနော့်သားက ဆေးရုံကို ကျနော့်ထက်အရင် ရောက်နေပြီ။ ကားမောင်းခဲ့တာ ကျနော့် သား။ သူ့ကို ဆလိုင်းသွင်းထားတယ်။ ကျနော့်သား မှန်း ကျနော် မမှတ်မိပါဘူး။ ဘာလို့လည်းဆိုတော့ မျက်နှာရော၊ ခေါင်းရော ပတ်တီးကြီး စည်းထားတာ။ ကျနော့်က ဦးရဲမြင့်အောင်ကို 'ဦးရဲမြင့်အောင် ကျနော့်သားတော့ ဘယ်လိုဖြစ်နေလဲမသိဘူး။ ကျနော်လည်းမတွေ့ခဲ့ဘူး' လို့ပြောတဲ့အချိန်မှာ ဒေါက်တာဖြစ်တဲ့ပုဂ္ဂိုလ်က 'ဇော်လေး' ဆိုတဲ့ နာမည် ခေါ်လိုက်တော့ ကျနော်က အဲဒီနာမည်လေး ကြားလိုက်တော့ ကြည့်လိုက်တော့ (ကျနော့်ကလည်း မျက်မှန်က မပါဘူး) သေချာကြည့်လိုက်တော့မှ ကျနော့်သား ဖြစ်နေတယ်။ 'ဆရာ ဒါ ကျနော့်သား' လို့ ပြောလိုက်တယ်။ ပြောလိုက်တော့ ဆရာဝန်က ကျနော့်သားရဲ့ မေးစေ့လေးကို လှုပ်ပြီးတော့ 'ဒါ မင်း အဖေဟုတ်လား' သူကလည်း သတိရတချက် မရတချက်ဆိုတော့ သူက ခေါင်းလေးပဲ ညိတ်တယ်"

ဦးလှမြင့်ကို မုံရွာစစ်ဆေးရုံတွင် ၁၀ ရက်ကြာဆေးဝါးကုသပေးပြီးသည့်နောက် အာဏာပိုင်တို့က ရွှေဘိုထောင်သို့ ပို့ဆောင်ခဲ့သည်။ ထို့နောက် ၈ လနီးပါးဖမ်းဆီးထားပြီး ယခုလ ၁၆ ရက်နေ့တွင် ဒီပဲယင်း လုပ်ကြံမှုအတွင်း ဖမ်းဆီးထားသူ ၂၀ ကျော်နှင့်အတူ ပြန်လည်လွတ်ပေးခဲ့ခြင်းဖြစ်သည်။

## အဖွဲ့ချုပ်အနေဖြင့် တောင်းဆိုမှုများ မရရှိက အဆင့်ဆင့် လှုပ်ရှားသွားမည်

*၂၈ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းပြန်လွတ်ပေးရန် အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော်က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ တိုက်ရိုက်စာရေးတောင်းဆိုလိုက်ကြောင်း သိရသည်။

ယခုလ ၂၂ ရက်နေ့က ပေးပို့ခဲ့သည့် အဆိုပါ စာထဲ၌ နေအိမ် အကျယ်ချုပ်ကျခံနေရသည့် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေနှင့် ဦးလွင်၊ ကလေးထောင်၌ ဖမ်းဆီးခံထားရသည့် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် မြန်မာပြည်အနှံ့အပြား အကျဉ်းထောင်များတွင် ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် အဓိကထား တောင်းဆိုခဲ့သည်ဟု သိရသည်။ KNU လို လက်နက်ကိုင်အဖွဲ့အစည်းနှင့်ဆွေးနွေးနေချိန်၌ လက်နက်ကိုင်မဟုတ်သည့် အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ငြိမ်းချမ်းစွာ နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးထားခြင်းအပေါ် သည်းမခံနိုင်တော့သဖြင့် ယခုလို တရားဝင်တောင်းဆိုရခြင်း ဖြစ်ကြောင်း မိုးကုတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းကြည်က ယခုလိုပြောဆိုသည်။

"ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ လူကြီးတွေဖြစ်တဲ့ ဦးလွင်တို့၊ ဦးအောင်ရွှေတို့ကို လွှတ်ပေးဖို့ တောင်းတာပဲ။ အချိန်အခါအခြေအနေအရ ဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းကိုတောင် ငြိမ်းချမ်းရေးယူနိုင်ပြီဆိုရင် အန်တီတို့က လက်နက်ကိုင်ထားတာလည်း မဟုတ်ဘူး။ တရားဝင်နိုင်ငံရေး လုပ်တာပဲ။ အစိုးရအနေနဲ့ ခွင့်ပြုထားလို့ NLD ဆိုတာကြီး အလုပ်လုပ်နေကြတာပဲ။ အန်တီတို့ ခေါင်းဆောင်တွေလည်း မြန်မြန်လွှတ်စေချင်တယ်။ စိတ်ပူပန်နေလို့ တောင်းတာပါ။ သူတို့ကတော့ နည်းနည်းလောက်လွှတ်ပေးလိုက် လွှတ်ပေးလိုက်နဲ့ အကြာကြီး အကြာကြီးဆိုတော့ သိပ် သည်းမခံ နိုင်တော့ဘူး။ ဒီအချိန်ကလည်းအရမ်းအရေးကြီးတဲ့အချိန်လို့လည်း ယူဆတယ်။ ခေါင်းဆောင်တွေက ဆုံးဖြတ်ချက်ချမှပဲ ဒီကိုယ်စားလှယ်တွေက လိုက်လုပ်လို့ရမှာလေ။ တောင်းဆိုတယ်။ တောင်းဆိုပြီး မရလာဘူးဆိုရင်တော့ အဆင့်ဆင့်လှုပ်ရှားမှုတွေ ရှိလာရမှာပေါ့"

ထိုတောင်းဆိုစာ၌ လက်မှတ်ရေးထိုးခဲ့သူတဦးဖြစ်သည့်ကရင်ပြည်နယ်၊ ဖားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထွေးမြင့်ကလည်း...

"လက်နက်ကိုင်ထားတဲ့အဖွဲ့တွေနဲ့တောင်မှ တွေ့ဆုံနိုင်သေးတာပဲ။ ကျမတို့လို ပြည်တွင်းထဲမှာနေ၊ တဦးနဲ့တဦး နေ့စဉ်တွေ့လို့ရနေတဲ့ လူတွေကျတော့ ပိုတောင်တွေ့သင့်သေးတာပေါ့။ ကျမတို့ကလည်း တွေ့ပါရစေလို့အမြဲတောင်းနေတာလေ။ တွေ့သင့် တယ်/မတွေ့သင့်တယ်ဆိုတာထက် ဦးအောင်ရွှေတို့၊ ဒေါ်စုတို့ကို လွှတ်ပေးဖို့ သင့်ပြီ"

အစသို့

## အဖွဲ့ချုပ် အထက်ဗမာပြည် လူငယ်ဖွဲ့စည်းရေးတာဝန်ခံ ကိုမြင့်ငွေ ပြန်လည်လွတ်မြောက်

*၃၀ ၊ ဇန်နဝါရီ ၊ ၂၀၀၄*

ယခုလ ၂၁ ရက်နေ့က ဖမ်းဆီးခံခဲ့ရသည့် အဖွဲ့ချုပ် အထက်ဗမာပြည် လူငယ်ဖွဲ့စည်းရေးတာဝန်ခံ ကိုမြင့်ငွေကို မနေ့ည ၁၀ နာရီခန့်တွင် အာဏာပိုင်များက ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင်တဦးလည်း ဖြစ်သည့် ကိုမြင့်ငွေကို အဖွဲ့ချုပ်လူငယ်တံဆိပ်တုံး ရိုက်နှိပ်ထားသည့် AIDS ရောဂါတားဆီးရေး လက်ကမ်းစာစောင် ဖြန့်ဝေသည်ဆို၍ ယခုလ ၂၁ ရက်နေ့၌ မြို့နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ခြေချုပ်ပုဒ်မ (၅/၁) တပ်ပြီး ယမန် ၂ ပတ်ယူ ချုပ်ထားရန် မြို့နယ်စခန်းမှူးက အမိန့်ပေးခဲ့သည်။ သို့သော် ရေနံချောင်းမြို့နယ်အဖွဲ့ချုပ်ဝင်များက ကိုမြင့်ငွေတွင် အပြစ်မရှိကြောင်း အာဏာပိုင် အဆင့်ဆင့်ထံ တင်ပြဆွေးနွေးခဲ့ခြင်းကြောင့် မနေ့ည ၁၀ နာရီခန့်တွင် ခြွင်းချက်မရှိ ပြန်လွှတ်ပေးခဲ့သည်ဟု အဖွဲ့ချုပ်ပါတီဝင်တို့က ဒီဗွီဘီကို ပြောဆို သည်။ ကိုမြင့်ငွေသည် မေ ၃၀ ဒီပဲယင်း အကြမ်းဖက်မှုဖြစ်ပွားစဉ် ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေး တာဝန်ယူခဲ့သူ တဦးဖြစ်ပြီး ထို့နောက် ပိုင်း ခန္တီးအကျဉ်းထောင်မှာ ၈ လနီးပါးခန့် ဖမ်းဆီးခံခဲ့ရသူလည်းဖြစ်ကြောင်း သိရသည်။

**ဒီမိုကရေစီလိုလားသူများ၏ ဖိအားကြောင့် ပြန်လည်လွတ်မြောက်လာခြင်းဖြစ်** ဖိနှိပ်မှုများရှိနေဆဲဖြစ်သော်လည်း ပါတီစည်းရုံးရေးလုပ်ငန်းတို့ကို အရှိန်မြှင့်ဆောင်ရွက်သွားမည့်အကြောင်း ထိန်းသိမ်းခံထားရာမှ လွတ်မြောက်လာ သည့် အဖွဲ့ချုပ် လူငယ်စည်းရုံးရေးမှူးတဦးဖြစ်သူ ကိုမြင့်ငွေက ယနေ့ ဒီဗွီဘီကို ပြောကြားလိုက်သည်။ *(၃၀ ဇန္နဝါရီ ၂၀၀၄)*

အထက်ဗမာပြည် လူငယ်ဖွံ့စည်းရေးတာဝန်ခံအဖွဲ့ဝင် ကိုမြင့်ငွေကို ယခုလ ၂၁ ရက်နေ့က အာဏာပိုင်တို့က ဖမ်းဆီးခဲ့ပြီး စွဲချက်တင်သည့်ပြစ်မှု မှာ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP မှ ထုတ်ဝေထားသည့် AIDS ရောဂါကာကွယ်ရေး လက်ကမ်းစာစောင်ကို အဖွဲ့ချုပ် တံဆိပ်ရိုက်နှိပ်ပြီး တဆင့်ခံဖြန့်ဝေမှုဖြစ်သည်။ အဆိုပါစာစောင်ကို UNDP နှင့် အဖွဲ့ချုပ် သဘောတူညီမှုအရ တနိုင်ငံလုံးကို ဖြန့်ဝေနေခြင်းဖြစ်သော်လည်း မည်သည့်အတွက် ၎င်းကိုမှရွေးပြီးဖမ်းရသည်ကိုမူ နားမလည်နိုင်ကြောင်း ကိုမြင့်ငွေက ပြောဆိုသည်။ ထိုစာစောင်ထဲတွင် မည်သည့်အကြောင်းအရာများ ထူးထူး ခြားခြား ပါရှိသည်ကို ကိုမြင့်ငွေအားမေးမြန်းရာ ယခုလို ပြန်လည်ဖြေကြားခဲ့သည်။

"အမျိုးသမီးဖတ်ရန်ဆိုတာက တစောင်၊ အမျိုးသားဖတ်ရန်ဆိုတာက တစောင်ခင်ဗျ။ HIV နဲ့ပတ်သက်တဲ့ ဆင်ခြင်ဖွယ်ရာကိစ္စလေးတွေကို ပညာပေးအနေနဲ့ ရေးထားတာတွေပါပဲ။ ဌာနချုပ်က ထုတ်လာကတည်းက ဌာနချုပ်က ရိုက်ပြီးသား ပေးလိုက်တာပါ။ သိန်းဂဏန်းတောင် ရှိနိုင်ပါတယ်။ ကျနော်ဝေခဲ့တာက လွန်ခဲ့တဲ့ တနှစ်ကျော်ကျော် တနှစ်ခွဲလောက်ကတည်းက ဝေလာခဲ့တာပါ။ အခု လတ်တလော မဝေရသေးပါဘူး။ ကျနော် ရန်ကုန်က ပြန်လာတုန်းက ကျနော့်မှာ ပါလာတယ်။ အစောင်ရေ များများပါလာပါတယ်။ အဲဒါတွေဝေဖို့အတွက် ဒီတခါတော့ စနစ်တကျလေး လုပ်မယ်ဆိုပြီး အစီအစဉ်ဆွဲပြီး လုပ်နေတာပါ။ စီစဉ်နေတုန်း မဝေရသေးခင်ကိုပဲ အခုပြဿနာဖြစ်တာပေါ့"

၎င်းကိုပြန်လွှတ်ပေးသည့်အချိန်၌ အလားတူစာစောင်မျိုး ထပ်မံ ဖြန့်ဝေခြင်းမပြုပါဟူသော ကတိဝန်ခံချက် ရေးထိုးခိုင်းခဲ့ကြောင်း၊ သို့သော်လည်း ၎င်းဘက်က လက်မှတ် မထိုးနိုင်ကြောင်း ငြင်းဆန်သည့်အခါ အာဏာပိုင်တို့ဘက်မှ စာသားအမျိုးမျိုး ပြင်ဆင်ပေးပြီး နောက်ဆုံး၌ ခြွင်းချက်မရှိ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်ဟု ကိုမြင့်ငွေက ပြောဆိုသည်။ သို့သော်လည်း ယခုလိုလွတ်မြောက်လာခြင်းမှာ အာဏာပိုင်တို့ဘက်က စိတ်စေတနာကောင်းလွန်း၍မဟုတ်ဘဲ ၎င်းကိုထောက်ခံအားပေးနေသည့် ရေနံချောင်းပြည်သူများနှင့် ဒီမိုကရေစီလိုလားသူများ၏ ဖိအားပေးမှုကြောင့်ဖြစ်သည်ဟု ကိုမြင့်ငွေက ယခုလို ဆက်လက်ပြောဆိုသည်။

"မြို့လူထုကလည်း ကျနော်တို့ဘက်မှာ တဖက်သတ် ရပ်နေတာ။ ရေနံချောင်းက ကျန်တဲ့မြို့နဲ့စာရင် သူတို့ကိုင်ရတွယ်ရတာ နည်းနည်းခက်မယ် လို့ထင်တယ်။ မြို့ကလည်း ဝိုင်းကြဝန်းကြ အားပေးကြတယ်။ ကျနော် အခုလိုပြန်လွှတ်လာတဲ့အခါမှာ တနေရာနဲ့တနေရာ တော်တော်နဲ့ မရောက်နိုင်ဘူး။ ဟိုကခေါ် ဒီကခေါ် နှုတ်ဆက်ကြတယ်။ ကျနော်တို့မြို့က ကျန်တဲ့မြို့နဲ့စာရင် အားပေးမှုရော၊ ကူညီမှုရော၊စောင့်ရှောက်မှုရော၊ စိတ်ဝင်စားမှုရော ကျန်တဲ့မြို့တွေထက် ပိုတယ်ထင်တယ်။ ကျနော်တို့မြို့ကလူတွေရော၊ တနိုင်ငံလုံးမှာရှိတဲ့ ကျနော်တို့အရေးကိုစိတ်ဝင်စားတဲ့ လူတွေအားလုံးကို ကျနော့်အနေနဲ့ အများကြီးကျေးဇူးတင်ပါတယ်။ အားလုံးရဲ့မေတ္တာစေတနာကိုလည်း ကျနော်နားလည်ပါတယ်။ ကျနော်တို့လုပ်စရာရှိတဲ့ အလုပ်တွေကို ဆက် ပြီးတော့ အောင်မြင်အောင်ကြိုးစားပါ့မယ်လို့ ပြောချင်ပါတယ်"

ကိုမြင့်ငွေသည် ဒီပဲယင်းအရေးအခင်းအတွင်း ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေး တာဝန်ခံတဦးဖြစ်ပြီး ကြံ့ဖွံ့အဖွဲ့၏ရိုက်နှက်မှုကြောင့် ဒဏ်ရာအချို့ရရှိခဲ့သည်။ နောက်ပိုင်း၌ အခြားလူငယ် ၁၅ ဦးနှင့်အတူ ခန္တီးအကျဉ်းထောင်မှာ ၈ လနီးပါး နှိပ်စက်ညှဉ်းပမ်းခံခဲ့ရပြီး မကြာမီကမှ ပြန်လွှတ်လာသူလည်းဖြစ်သည်။ ကိုမြင့်ငွေ၏ အတွေ့အကြုံအချို့နှင့် လူငယ်စည်းရုံးရေးမှူးတဦး၏ အခက်အခဲများကို လာမယ့်တနင်္လာနေ့၌ ထုတ်လွှင့်ပေးရန် စီစဉ်ထားသည်။ အစသို့